မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၇ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နက်စတာ ကားလို့စ်ကာချပ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စလင်းမြို့နယ်ရှိ တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လျှပ်စစ်မြစ်ရေတင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

တစ်နှစ်ထက်တစ်နှစ် နှမ်းစပါး၊ မိုးစပါးတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ရေးမှာကြား

စီမံကိန်းပြီးစီးပါက ဧက ၁၅၀၀၀ အား တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်

နေပြည်တော် မေ ၂၄

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် စလင်းမြို့ နယ်မြေခံတပ်နယ်မိသားစု၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အဖွဲ့ဝင်များသည် တပ်မိသားစုများအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ပေးအပ်၍ ပျိုးအိတ်များအတွင်း မျိုးစေ့နှင့် ပျိုးကိုင်းများ ပျိုးထောင်ပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် တပ်နယ်မိသားစုများ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ ၂၅-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၅ ရက်)

သွေးလွန်တုပ်ကွေး ရောဂါ အစဉ်သတိပြု ကြိုတင်ကာကွယ်

မိုးရာသီကာလသို့ ဝင်ရောက်လာပြီ ဖြစ်သည်။ မိုးဦးကျကာလနှင့် မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်များလေ့ရှိသည်။

သွေးလွန်တုပ်ကွေးသည် ရုတ်တရက်ချက်ချင်းဖျားပြီး သွေးကြောထဲမှ သွေးရည်ကြည်များ လွန်ကဲစွာစိမ့်ထွက်လာ၍ သွေးနီများပျစ်ခဲပြီး သွေးပေါင်ကျကာ သွေးလန့်ရောဂါအဖြစ်နှင့် အသက်အန္တရာယ် ဖြစ်ပွားရခြင်းဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ရခြင်းသည် နေ့လယ်ဘက်တွင် ကိုက်လေ့ရှိသော ခြင်ပုန်းများကြောင့်ဖြစ်သည်။ ကလေးသူငယ်တစ်ဦးသည် ရုတ်တရက်ကိုယ်ပူပြီး မျက်နှာနီရဲလာခြင်း၊ အစာမစားလိုဘဲ ပျို့အန်ခြင်း၊ အန်သည့်အခါ ကော်ဖီအနှစ်ရောင် သွေးမည်းများ အန်တတ်ခြင်း၊ ခေါင်းနှင့်ကိုယ်လက် ကိုက်ခဲခြင်း၊ လည်ချောင်းနာ၍ လည်ချောင်းနီလာခြင်း၊ ဗိုက်အောင့်ခြင်း၊ ညာဘက်နံရိုးအောက် နာခြင်း၊ ဗိုက်တစ်ပြင်လုံးနာခြင်းနှင့် အဖျားဆက်တိုက်တက်ခြင်းတို့သည် သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများပင် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသည့် ခြင်သည် ရေကြည်ရေသန့်များထဲရှိ ပိုးလောက်လမ်းမှတစ်ဆင့် ပေါက်ဖွားလာခြင်း ဖြစ်သည်။ ထို့ကြောင့် ခြင်များမပေါက်ပွားစေရန် အိုး၊ ခွက်များကို ရှင်းလင်းထားပြီး ရေဝပ်နိုင်သည့် ချိုင့်များကို ဖို့ထားရမည်။ ရေအိုး၊ ရေကန်များကို ဖုံးအုပ်ထားရန် လိုအပ်သည်။

သို့ဖြစ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တိုင်းတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး အစဉ်ပြုလုပ်ပြီး ပိုးလောက်လမ်း မပေါက်ဖွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် သွေးလွန်တုပ်ကွေး ရောဂါမဖြစ်ပွားရေးအတွက် အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်းက ကျန်းမာရေးအသိဖြင့် အစဉ်သတိပြုကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဘိုး ဦးသာမိုး အဘွား ဒေါ်မြနှစ် အဖေ ဦးမောင်မောင်၊ အမေ ဒေါ်သန်းမေ၊ ဦးလေးများဖြစ်သော ဦးကျော်မြိုင်၊ ဦးဘခင် အဒေါ် ဒေါ်စောမြင့်၊ သမီး မခင်ခင်ဌေး တို့အား ရည်စူး၍ ဒေါ်ခင်မေ မိသားစု အမှတ်(၅၁)အုတ်ကျင်း ဘူတာရုံလမ်း၊ ၁၆ ရပ်ကွက် လှိုင်မြို့နယ်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အတွက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန် ငွေကျပ်သုံးသိန်း လှူဒါန်းရာ တာဝန်ခံဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရန်ဆောင်ရွက် ထုတ်လုပ်နိုင်မှုကိုအခြေခံ၍ ဌာနများဆက်စပ်ညှိနှိုင်းပူးပေါင်း

နေပြည်တော် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၂၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်း(၉) မိုင်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေး လုပ်ငန်းသို့ရောက်ရှိပြီး ခြစ်ညည်းရိုးကြက်ဆူ စေ့မှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ပြသရှင်းလင်း

ရှေးဦးစွာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်စိုးတို့က ခြစ်ညည်းရိုးကြက်ဆူ သီးကို အထူးပြုပြင်ရန်မလိုဘဲ အစေ့တိုက်ရိုက် ကြိတ်ခွဲ၍ ရရှိသောဆီဖြင့် လယ်ယာသုံး လက်တွန်းထွန်စက်၊ လယ်ထွန်စက်၊ ရေစုပ်စက်တို့ မောင်းနှင်နိုင်ကြောင်း၊ သို့သော် အခြားဒီဇယ်သုံး ယာဉ်နှင့် စက်ကိရိယာများအတွက် ဇီဝဒီဇယ်ဆီအဖြစ် ပြုပြင်ထုတ်လုပ်ရန် လိုအပ်သဖြင့် ဇီဝဒီဇယ်ဆီထုတ်လုပ်သည့် နည်းလမ်းအမျိုးမျိုးမှ ထုတ်လုပ်မှုလွယ်ကူပြီး ကုန်ကျစရိတ်သက်သာမည့် နည်းလမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးစီမံမှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြည်သူ အများအသုံးပြုနိုင်ရန်ရည်ရွယ်၍ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အား ပြသရှင်းလင်းသည်။

အသုံးပြုနိုင်

ပြည်တွင်းဖြစ် မြင်းကောင်ရေ(၅)ကောင် အားရှိပြီး တစ်နာရီလျှင် အစေ့နှစ်တင်းခွဲ ကြိတ်နိုင်သည့် ခြစ်ညည်းရိုးကြက်ဆူ စေ့မှ ဆီကြမ်း ထုတ်လုပ်မှု၊ ထွက်ရှိလာသော ဆီကြမ်းကို တစ်နာရီ ၁၀ ဂါလန်ဆီစစ်ပေးနိုင်သည့်ဆီစစ်စက်ဖြင့် အနယ်ဖတ်များစစ်ထုတ်ပြီး ဆီအကြည်ရရှိမှု၊ ရရှိသည့်ဆီတွင်ကော်ဓာတ်များ ပါရှိနေသဖြင့် ကော်များဖယ်ထုတ်သန့်စင်သည့်စက်ဖြင့် ဆီဂါလန်၃၀ ကို ဆီနှင့်ရေရောစပ် အပူပေးပြီး သင့်တော်သည့် ဆီနှင့်ရေ အနယ်ကွဲ စအချိန်တွင် ဆိုဒီယမ် ဟိုက်ဒရောဆိုဒ်ဖြင့် ရော၍ ဆီအကြည်သီးသန့် ရရှိအောင် ဖယ်ထုတ်မှု၊ ကော်ပါဝင်မှု ဖယ်ထုတ် ရရှိပြီး အပေါ်ယံဆီကြည်ကို အခြောက်ခံစည်တွင် အပူပေး၍ ရေဖယ်ထုတ်မှုမှ ရရှိသော ဆီအဆင့်သည် ကော်ဓာတ်ကင်းစင်သဖြင့် ဆီချိုးကပ်ခြင်းမရှိတော့၍ လယ်ယာကဏ္ဍတွင် တစ်လုံးထိုးအင်ဂျင်များ၌ အသုံးပြုနိုင်မှုကို ရှင်းပြသည်။

ရှင်းလင်းပြသ

ထို့ပြင် ကော်ဓာတ်များဖယ်ထုတ်ရရှိသည့် အဆင့်မှ အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ရာတွင် ဆိုဒီယမ် ဟိုက်ဒရောဆိုဒ်နှင့် မက်သရော ရောစပ်ဖျော်ရည်ထည့်၍ ရောမွှေသည့်စနစ်ဖြင့် အနယ်ထိုင်စေပြီး အပေါ်ယံ ဆီကြည်ကို ရေနွေးဖြင့် ပါဝင်သည့် ဓာတ်များဆေးကြောမှု၊ သဲနှင့် ဆားအသုံးပြု၍ သန့်စင်အောင်စစ်ယူမှု တို့ဖြင့် ဇီဝဒီဇယ်ရရှိမှုကို ရှင်းလင်းပြသကြသည်။

ပံ့ပိုးပေး

ဝန်ကြီးသည် ထုတ်လုပ်သည့်ကုန်ကြမ်းနှင့် ဇီဝ ဒီဇယ်ဆီ ထုတ်လုပ်ရာတွင် အဆင့်အလိုက် ရရှိသော ဆီနမူနာများကို ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူ လွယ်ကူသက်သာစွာ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊ ယခုထုတ်လုပ်နိုင်မှုကို အခြေခံ၍ ဌာနများ ဆက်စပ် ညှိနှိုင်းပူးပေါင်းကာ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ပိုမိုလွယ်ကူ သက်သာအောင် ဆောင်ရွက်ရေး မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်ရရှိသည့် ခြစ်ညည်းရိုးကြက်ဆူ ဇီဝဒီဇယ်ဆီဖြင့် မော်တော်ယာဉ် မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား

၂၅-၅-၂၀၀၇
(သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာ တရားတော် (အပိုင်း-၄) (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)
၈း၀၀ တေးဂီတအစီအစဉ်
၈း၀၅ ထူးထူးခြားခြား မိကျောင်းငယ်လေး
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ Myanmar Video Rhythm
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ စားကောင်းမယ့် ထမင်းတစ်လုပ်
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ **အမှန်ချစ်မှ အချစ်မှန် (ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး)**
၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ သင်ယူလေ့လာ ဂီတပညာ (နိုင်ဇော်၏ ဂစ်တာသင်ခန်းစာများ) (အပိုင်း-၁) (ပထမပိုင်း)
၁၀း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀ ဝင်ငွေတိုးစေဖို့ တီလားပီးယားငါး မွေးကြစို့
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ မိုးလေဝသခန့်မှန်းချက်
၁၁း၃၀ အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည်
၁၁း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၁၂း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅ တေးဂီတအစီအစဉ်
၁၂း၄၀ စွမ်းအင်တို့၏ နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူးယစ်ကင်းစင် အလှဆင်

✻ ရှေ့ဖုံးမှ

ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် မြေငါးဧကၖ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကို စိုက်ပျိုးခြင်းဖြစ်ပြီး ယခင်စိုက်ပျိုးပြီး ဧက ၉၀ အပါအဝင် စုစုပေါင်း ၉၅ ဧက၊ အပင်ပေါင်း ၁၁၄၀၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့ တပ်နယ်မိသားစုများအား တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများ ကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စလင်း-ဆင်ဖြူကျွန်းကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြရာ စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ အုပ်စုအနီး မိုင်တိုင်(၃၄)၌ ကွင်းအမှတ်(၅၇၃)ရှိ နွေစပါးပန်းတိုင် ဧက ၅၀၀ နှင့် မနောသုခမျိုးသန့်၊ မျိုးပွားဧက ၁၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ခြံစည်းရိုးကြက်ဆူဧက ၂၀ ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

စလင်းမြို့နယ်အနေဖြင့် ယခင်နှစ် မိုးစပါး ၈၀၅၃၇ ဧကနှင့် နွေစပါး ၂၆၅၃၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့နယ် ကျစ်ကန်ကျေးရွာအနီး မိုင်တိုင်(၃၅)၌ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့အထိ စလင်းမြို့နယ် ကျစ်ကန်ကျေးရွာစိုက်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၊ အပင်ပေါင်း ၂၄၀၀၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့ ၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ နံနက် ၉နာရီတွင်ရောက်ရှိကြကာ ဆေးရုံအုပ် ဒေါက်တာခင်စန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံအတွင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ (အမျိုးသား) လူနာဆောင်၊E.C.Gခန်း၊(အမျိုးသမီး) လူနာဆောင်၊ ပြင်ပလူနာဌာနနှင့် သွားဆေးကုသခံ့ စရိတ်မျှပေးကျန်းမာရေး ဆေးကုခန်းနှင့် ဆေးဆိုင်တို့ကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ဆီစွယ်ရွာအနီး မိုင်တိုင် (၈၅/၀)ရှိ တညောင်လျှပ်စစ်မြစ်ရေတင် လက်တံ(၃)ရေသွယ်မြောင်း ရေသောက် မကျီးခင်ကွင်းရှိ မနောသုခနှင့် ရွှေသွယ်ရင်နွေစပါး ဧက ၆၅၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကြိုဆိုသည်။ ဆက်လက်၍ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့နယ် တညောင်ကျေးရွာအုပ်စု၊ လေသာကုန်းကျေးရွာအနီး မိုင်တိုင်(၆၃/၁)ရှိ တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေတင်စက်ရုံသို့ ရောက်ရှိကြပြီး ရေတင်စက်ရုံမှ ရေစုပ်စက်များဖြင့် ဧရာဝတီမြစ်ရေများ စုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေတင်စက်ရုံမှ စုပ်တင်လိုက်သော ရေများ ရေပေးမြောင်းမကြီးအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနလေသာကုန်းကျေးရွာအနီး မိုင်တိုင် (၆၃/၁)ရှိတညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းရုံး ပင်မရေတင် ရေငြိမ်ကန်သို့ရောက်ရှိပြီး ရေတင်ပို့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက တညောင်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လျှပ်စစ်မြစ်ရေတင်ဖြင့် တစ်နှစ်ထက်တစ်နှစ် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါစီမံကိန်းပြီးစီးပါက စီမံကိန်းဧရိယာ၁၅၀၀၀ ဧကအား တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ရေတင်စက်ရုံ ရှစ်ခုမှာ ၃၅၅ ကီလိုဝပ်၊ မော်တာ ၃၀ ၊ ကျူဆက်ပန့် ရှစ်လုံး၊ ၅၅ ကီလိုဝပ် မော်တာကိုးလုံး၊ ကျူဆက်ပန့် ၂၅ လုံး စုစုပေါင်း ၃၃ လုံးဖြင့် ရေစုပ်တင်မှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၄၀၇၈ ဧကစိုက်ပျိုးခဲ့ပြီး နွေစပါး ဧက ၁၀၀၀ ဆက်လက်စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူကျွန်း-ဆိပ်ဖြူလမ်း မိုင်တိုင်(၆၃/၇)ရှိ ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအကျိုးပြုဧကမှာ စပါးဧက ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကိုးထောင့်ကျေးရွာအုပ်စု (ရေလယ်ကျွန်း) ကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ မျိုးအိတ်များအတွင်းသို့ မျိုးစေ့နှင့် ပျိုးကိုင်းများ ပျိုးထောင်ပေး၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် မြေငါးဧကနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကို စိုက်ပျိုးပေးခြင်းဖြစ်ပြီး ယခင်စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်ဧကမှာ ၉၀၀၀ ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် ပွင့်ဖြူ-ပခုက္ကူလမ်း မိုင်တိုင်(၁၃/၇)ရှိကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပခုက္ကူ-ပွင့်ဖြူလမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထား လက်ထောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးမောင်မောင်သွင်က ပခုက္ကူ-ပွင့်ဖြူ ရထားလမ်းအူကြောင်းဖောက်လုပ်ခြင်း လုပ်ငန်းကို ပခုက္ကူ-ဆိပ်ဖြူပိုင်း၊ ဆိပ်ဖြူ-စလင်းပိုင်းနှင့် စလင်း-ပွင့်ဖြူ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ (မြို့ပြ)ဦးသိဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများကို အချိန်မီပြီးစီးရေးအတွက် တစ်ပြိုင်တည်း ဆောင်ရွက်သွားကြရန် လိုအပ်သည်များကို ဒေသအာဏာပိုင်အဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ တံတားဆောက်လုပ်ရေးပိုင်း တာဝန်ယူ ဆောင်ရွက်မည့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှလည်း မြန်မာ့မီးရထားနှင့် ညှိနှိုင်းပြီး အမြန်စီမံဆောင်ရွက်သွားရန် တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

မပြတ်လေ့လာ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူလမ်းကြောင်းပေါ်ရှိ ယောချောင်းတံတား(ကံတွင်း)တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် တံတားထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျပြုပြင်ထိန်းသိမ်းသွားရန်နှင့် ရေစီးရေလာအခြေအနေနှင့် လိုအပ်ချက်များကို မပြတ်လေ့လာစိစစ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှုရပ်မှ တံတားကြီးကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ပခုက္ကူလမ်း(တန့်ကြည်တောင် ရောင်ကွင်းလမ်း)အတိုင်းမော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြပြီးလမ်းဘေးဝဲ/ယာ၌ စိုက်ပျိုးဖြစ်ထွန်းနေသော သဘာဝတော ကာကွယ်ထိန်းသိမ်းမှုနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီမိနစ် ၅၀ တွင် မကွေးတိုင်း ပခုက္ကူခရိုင်တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး မိုင်တိုင်(၃၁/၄)ရှိ မုံတောင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပခုက္ကူမြို့နယ်ဦးစီးအရာရှိ ဦးစန်းလွင်က တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပခုက္ကူခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုး

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများ လမ်းဘေးဝဲ/ယာတွင် ကျောက်စည် ရေဖြည့်ကန်ထားရှိ၍ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းမည့်ဒေသနှင့် ကိုက်ညီသည့် အပင်များကို တိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ၁၉၉၅-၁၉၉၆ မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ကာလအတွင်း သစ်တောစိုက်ခင်း ၄၇၉၁ ဧက ထူထောင်ခဲ့ပြီး သဘာဝသစ်တောထိန်းသိမ်းမှုကိုဧက ၂၈၈၇၀ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်း ပခုက္ကူမြို့နယ် စဘေရွာသစ်အနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော စဘေရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) ညွှန်ကြားရေးမှူး ဦးအေးသိန်းက ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသော စဘေရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် ရှုရပ်မှ စဘေရေလှောင် တမံ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စဘေရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၂ ပေ၊ အလျား ၆၉၀၀ ပေ ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၆၁၀ ဖြစ်ပြီး ရေထုတ်ပြွန် အမျိုးအစားမှာ သံကူကွန်ကရစ်ပိုက် ၁ ဒသမ ၅ အချင်းရှိကာ ရေပိုလွှဲအမျိုးအစားမှာ ကျောက်စည်ပန်းရန်ဖြစ်သည်။တူးမြောင်းမှာ အလျားပေ ၅၀၀၀၀ ရှိပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာဧက ၃၀၀ ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကမ္ဘ-မြစ်ခြေလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပခုက္ကူမြို့နယ် ကမ္ဘစံပြကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် အတူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဂျင်တီးနားနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၇ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့တာအီယားနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မဟာစည်နာယကဆရာတော်များဖြစ်ကြသည့် မြစ်သားဆရာတော်၊ ညောင်ကန်အေးဆရာတော်၊ ရွှေမင်းဝံဆရာတော်နှင့် မဇ္ဈိမဂုဏ်ရည် ဆရာတော်တို့အား ပြည်ပသာသနာပြုခရီးမထွက်ခွာမီ မေ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

မဟာစည်နာယက ဆရာတော်ကြီးများ ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူ

ရန်ကုန် မေ ၂၄

ပြည်တွင်း ပြည်ပ သာသနာပြု မဟာစည် နာယက ဆရာတော်ကြီးများ ဖြစ်ကြသော မြစ်သားဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသဝ၊ ညောင်ကန်အေး ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တကုန္ဒက၊ ရွှေမင်းဝံ ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘနနှင့် မဇ္ဈိမဂုဏ်ရည်ဆရာတော်ဓမ္မကထိကဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ သာသနတက္ကသီလဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒတို့အား ပြည်ပသာသနာပြုခရီး မကြွရောက်ကြမီ တပည့်ဒါယကာဒါယိကာမများ၏ နှုတ်ဆက်ပူဇော်ပွဲ အခမ်းအနားကို မေ ၂၂ရက်ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပရာ မဟာစည်သြဝါဒခံ သာသနာ့ရိပ်သာ အသီးသီးတို့မှ အမှုဆောင်များ၊ ယောဂီများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးလေးပါးတို့အား ပူဇော်ကန်တော့ကြပြီး မြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝက သြဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် မဟာစည်နာယက ဆရာတော်ကြီးလေးပါးတို့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာတော်မူသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ဂါရဝပြု ပူဇော်ကြသည်။

ပင့်လျှောက်

အဆိုပါ မဟာစည် နာယကဆရာတော်ကြီးလေးပါးတို့သည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ရှိလောကချမ်းသာကျောင်းတိုက် ဆရာတော်နှင့် မြန်မာ-အမေရိကန် ဗုဒ္ဓဘာသာအသင်း အမှုဆောင်များ၏ ပင့်လျှောက်ချက်အရ နယူးဂျာစီပြည်နယ် မနာလပန်မြို့ အင်္ဂလစ်ရှ်တောင်းတွင် ရွှေတိဂုံစေတီတော် ပုံတူတည်ထားကိုးကွယ်သည့် လောကချမ်းသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတို့သို့ ကြွရောက်ချီးမြှင့်ရန်နှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ

ပေါက်စ

၂၁ ရာစုခေတ်ရဲ့ အတွေးအခေါ် အသိအမြင်နဲ့ နိုင်ငံတည်ငြိမ်ရေး၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုသိပ္ပံနည်းပညာတွေနဲ့ လူမှုရေးဆိုင်ရာ အခြေအနေတွေ မြင့်မားတိုးတက်ရေးတွေကို ဦးတည်မျှော်မှန်းပြီး အနာဂတ်နိုင်ငံတော်သစ်လမ်းပေါ်မှာ အခိုင်အမာရပ်တည်နေကြ။

၁၉၈၈ခုနှစ်ကလို မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုး ဖြစ်လာအောင် ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူအုံကြွလာအောင် သိမ်းသွင်းစည်းရုံး လှည့်ဖြားလို့ မရတော့ဘူး။

မရေမရာ၊ မသေမချာ၊ မခိုင်မာတဲ့ အကြောင်းပြချက်တွေနဲ့ တောင်းပွဲ တိုက်ပွဲတွေကိုလည်း ပြည်သူတွေက လက်မခံ မယုံကြည်တော့ပါဘူး။

အခုတလော ပြောကိုမပြောချင်တော့ဘူးလို့ပဲ ပေါက်စ စိတ်ပိန်စွာ မြည်တမ်းလိုက်ချင် သဗျာ။

ဘယ့်နှယ်ဗျာ၊ ဘယ်လိုမှ သုံးစားမရအောင် ချွတ်ခြုံကျနေတဲ့ ကျပ်မပြည့် လူစဉ်မမီတဲ့ အတွေးအခေါ် အထုပ်စုတ်ကို ဆေးသုတ် အရောင်တင်ပြီး အပိုးမကျိုး၊ အချိုးမပြေတဲ့အလုပ်တွေ လုပ်နေ ကိုင်နေကြသဗျာ။ အဲသဟာကတော့ အခြားဟုတ်ပါရိုးလားဗျာ၊ လူနှစ်ယောက် တစ်ပိုင်းလောက်က လူစည်ကားတဲ့ နေရာတွေမှာ မျောက်ပွဲပြသလို ဆိုင်းဘုတ်ထောင်ပြီး နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းပေးဖို့၊ ကုန်ဈေးနှုန်းတွေ ကျဆင်းအောင်လုပ်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ ဆိုပြီး မဖြစ်ညစ်ကျယ်၊ မဖွယ်မရာ တောင်းဆိုကြွေးကြော်ကြ၊ ရတ်ရတ် ရတ်ရတ် လုပ်ကြသလို နိုင်ငံရေးအကျဉ်းသား မိသားစုတွေကို နှစ်သိမ့်အားပေးတဲ့ အဖြူရောင်လှိုင်းလှုပ်ရှားမှု ခေါင်းစဉ်တပ် နိုင်ငံရေးစတန့် တစ်မျိုးထွင်လာတာလည်း ပါသဗျ။ အဲသဟာအပြင် NLD ပါတီမှ အမျိုးသမီး လွတ်မြောက်ရေးအတွက်ဆိုပြီး ဘုရားပေါ်တက် ဆုတောင်းပွဲ ဆိုတာတွေ လုပ်ကြတဲ့အပြင် အခု နောက်ဆုံးပေါ် အစီအစဉ်အနေနဲ့ အဲ့ဒီ အမျိုးသမီးလွတ်မြောက်ရေး လှုပ်ရှားမှုဆိုပြီး မြို့နယ်အလိုက် NLD ပါတီဝင်တွေက ဝိုင်းရံလူစုလို့ ဆူပူမှုဖန်တီးကြဖို့ အကြံအဖန်တွေကို စိတ်ရှုးပေါက်သလောက် လျှောက်လုပ်နေကြသဗျ။

စဉ်းစားကြည့်ကြပေါ့ဗျာ၊ သူတို့တောင်းဆိုတာတွေဟာ သွေးရိုးသားရိုး တောင်းဆိုချက်တွေလား၊ နိုင်ငံတော်အစိုးရကို ပြည်သူက အထင်လွဲမှား သံသယပွားလာပြီး ဆူပူမှုတွေဖြစ်လာအောင် ကြောင်သူတော် ကြွက်သူခိုးတွေလို မရိုးမသား လုပ်ကြံဖန်တီး လှုံ့ဆော်တာလား ဆိုတာ ရိုးရိုးလေးစဉ်းစားရင် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသပေါ့ဗျာ။

ရှင်းရှင်းလေးခင်ဗျာ၊ လျှပ်စစ်မီးနှစ်ဆယ့်လေးနာရီ လင်းပေးရမယ် ဆိုတာ အခြေအနေနဲ့ အချိန်ကာလအရ လိုက်လျောညီထွေ ဖြစ်နိုင်ချေ မရှိဘူးဆိုတာ ပြည်သူအများက နားလည် လက်ခံထားကြတယ်ဗျာ။ နိုင်ငံတော်က ကျင့်သုံးအကောင်အထည်ဖော်နေတဲ့ ဈေးကွက်စီးပွားရေးအရ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေတဲ့ စက်ရုံအလုပ်ရုံတွေ၊ စက်မှုဇုန်တွေ၊ ကုန်တိုက်ကြီးတွေ၊ စူပါမားကက်ကြီးတွေ၊ ပလာဇာကြီးတွေ၊ ဟိုတယ်ကြီးတွေ နိုင်ငံနဲ့အဝန်း လည်ပတ်လုပ်ကိုင် ရောင်းဝယ်နေကြသဗျာ။ အဲဒီလုပ်ငန်းတွေကို ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေနဲ့ လူနေမှုဘဝ မြင့်မားလာတဲ့ ပြည်သူတွေရဲ့ နေ့စဉ်သုံးစွဲနေတဲ့ တီဗွီတွေ၊ ဗွီစီဒီတွေ၊ ဒီဗွီဒီတွေ၊ အဝတ်လျှော်စက်၊ လေအေးစက်၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုတွေအတွက် ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေအပြင် ကျေးလက်ဒေသအချို့မှာ လျှပ်စစ်ဓာတ်အားတွေ ဆက်သွယ်ဖြန့်ဖြူးပေးလာနိုင်လို့ အဲဒီကျေးရွာတွေက ကျေးလက်ပြည်သူတွေရဲ့ မြို့ပြနဲ့မခြားတဲ့ လူမှုစီးပွားဘဝအရ တီဗွီတွေ၊ ဗွီစီဒီတွေ၊ ဒီဗွီဒီတွေ၊ လျှပ်စစ်မီးပူတွေ သုံးစွဲလာကြတော့ ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေဟာ နိုင်ငံတော်က တိုးမြှင့်ထုတ်လုပ်ပေးနေပေမယ့် ဘယ်လိုမှ လုံလောက်မှု မရှိနိုင်ဘူးဗျာ။ တိုးတက်ဖြစ်ထွန်းလာတဲ့ စီးပွားရေးအဆောက်အအုံတွေ၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို လက်ရှိနိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုက မီအောင် မလိုက်နိုင်သေးဘူးဗျာ။ အဲဒီအခြေအနေကို နိုင်ငံတော်အစိုးရက ဖြေရှင်းနိုင်အောင် ရေအားလျှပ်စစ်စက်ရုံတွေနဲ့ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ စွန့်ပစ်ပစ္စည်း အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးနေတယ်ဗျာ။ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ကွင်းဆင်းပြီး လျှပ်စစ်ဓာတ်အား အလုံအလောက် ဖြန့်ဖြူးပေးနိုင်ဖို့ ဦးဆောင်လမ်းညွှန် ဆောင်ရွက်ပေးနေတယ်ဗျာ။

အခုလိုအခြေအနေမှန်ကို ပေါက်စ လေနဲ့ရှိုးနေတာ မဟုတ်ပါဘူး ခင်ဗျာ။ ပြည်သူ့ဘဝနယ်ပယ်မှာ အမှန်တကယ်ဖြစ်ထွန်းနေတဲ့ အရှိတရားတွေကို ကိန်းဂဏန်းနဲ့ ကောက်နုတ်ပြီး သက်သေပြရမယ်ဆိုရင် ၁၉၈၈ ခုနှစ်က အကြီးစား ၁၀ မဂ္ဂါဝပ်အထက် ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံ၊ အလတ်စား ၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံ တစ်ရုံ၊ အသေးစား ၁ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံ ၁၁ ရုံ စုစုပေါင်း ရေအားလျှပ်စစ်စက်ရုံ ၁၄ရုံပဲ ရှိတယ်ဗျာ။၂၀၀၅ခုနှစ်မှာ အကြီးစား ၁၀မဂ္ဂါဝပ်အထက် ရေအားလျှပ်စစ်စက်ရုံ ၁၀ ရုံ၊ အလတ်စား ၁-၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံ ၁၀ ရုံ၊ အသေးစား ၁ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံ ၂၄ ရုံ စုစုပေါင်း ရေအားလျှပ်စစ်ရုံ ၄၄ ရုံအထိ ရှိလာတယ်ဗျာ။ အဲသဟာအပြင် ၁၉၈၈ ခုနှစ်က လုံးဝမရှိခဲ့တဲ့ စွန့်ပစ်ပစ္စည်း အပူသုံး လျှပ်စစ်စက် ဓာတ်အားပေးစက်ရုံတစ်ရုံကို ၂၀၀၅ခုနှစ်မှာ တည်ဆောက်နိုင်ခဲ့ပြီး၊ ၁၉၈၈ခုနှစ်မှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိခဲ့ရာက ၂၀၀၅ခုနှစ်မှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ ၁၁ရုံ ရှိလာခဲ့တယ်ဗျာ။ ၁၉၈၈ခုနှစ်အထိ လုံးဝမရှိခဲ့တဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၅ခုနှစ်မှာ တည်ဆောက်နိုင်ခဲ့တဲ့အပြင် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၅၆၇ရုံကလည်း လျှပ်စစ်ဓာတ်အားတွေ ဖြန့်ဖြူးပေးနေတယ်ဗျာ။ သို့ကလို တိုးချဲ့တည်ဆောက် ဖြန့်ဖြူးပေးနေတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ အပြင် အကြီးစား ၁၀ မဂ္ဂါဝပ်အထက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀ ကို လည်း တိုးချဲ့တည်ဆောက်နေသဗျာ။ အဲဒီအခြေအနေတွေနဲ့ ပကတိအရှိတရားတွေကို ရိုးရိုးသားသား လေ့လာရမှန်း၊ နားလည် လက်ခံရမှန်း မသိဘဲ နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းပေးဖို့ တောင်းဆိုနေတာဟာ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စု အာဏာရရေးအတွက် အရှက်အကြောက်မဲ့ အာဏာရမ္မက် အဆိပ်တက်ပြီး ရူးသွပ်နေကြတဲ့ ရှစ်ဆယ့်ရှစ် မင်းမဲ့စရိုက် ရောဂါဟောင်းပဲ ဖြစ်သဗျ။

အဲသလိုပါပဲ ကုန်ဈေးနှုန်းကျဆင်းရေး ဆိုတာကလည်း နိုင်ငံတကာမှာ တွေ့ကြုံရင်ဆိုင်ဖြေရှင်းနေရတဲ့ ကုန်ဈေးနှုန်းပြဿနာကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာ ဖြစ်နေသလိုပုံဖော်ပြီး နိုင်ငံတော်အာဏာကို အချောင်နှိုက်ဖို့ ကြံနေကြတဲ့ ငတိုငလျှိုတွေရဲ့အကျင့်စရိုက်ပဲ ဖြစ်သဗျာ။ **နိုင်ငံတော်အစိုးရအနေနဲ့ နယ်ချဲ့အုပ်စုအပါအဝင် သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ အပိတ်အဆို့ ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကိုယ့်အားကိုယ်ကိုးတဲ့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံက ကြိုးပမ်းတည်ဆောက်နေတယ်ဗျာ။ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားလာဖို့အတွက် နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို တိုးတက်ထုတ်လုပ်နိုင်ဖို့ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းတည်ဆောက်နေသဗျာ။ နိုင်ငံတကာမှာ အများနည်းတူ ရင်ဆိုင်ဖြေရှင်းနေရတဲ့ ကုန်ဈေးနှုန်း ပြဿနာဟာ တစ်ပွဲတိုးဆေးမြီးတို ဥံဖွ ဒီမိုကရေစီနည်းနဲ့ ဖြေရှင်းလို့ မရဘူးခင်ဗျာ။ အခုလို နိုင်ငံတော်ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူတစ်ရပ်လုံး ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုတယ်ဗျာ။**

ပြောမယ်ဆိုရင် ပေါက်စတို့နိုင်ငံအနေနဲ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ ကုန်ဈေးနှုန်းပြဿနာကို ဖြစ်သင့် ဖြစ်ထိုက်တာထက် ပိုပြီး ပြဿနာဖြစ်လာအောင် လုပ်ကြံဖန်တီးနေတာက နယ်ချဲ့အုပ်စုနဲ့ သြဇာခံ ပြည်တွင်းပြည်ပအဖျက်သမားတွေပဲ ဖြစ်တယ်ဗျာ။ မြန်မာနိုင်ငံမှာ စီးပွားရေး အကျပ်အတည်းဖြစ်လာအောင်၊ ကုန်ဈေးနှုန်းတွေ တက်လာပြီး ပြည်သူတွေ ဆူပူအုံကြွလာအောင် စီးပွားရေးအရ ဖိအားပေးပိတ်ဆို့ အကျပ်ကိုင် အနိုင်ကျင့်ဖို့ သူတို့ပူးပေါင်းလုပ်ကြံဖန်တီးနေတာကို မြန်မာသိ၊ ကမ္ဘာသိ မဟုတ်လား ခင်ဗျာ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့ အတိုင်း ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်တဲ့ အထည်ချုပ်စက်ရုံတွေ ပိတ်လိုက်ရတဲ့အထိ နယ်ချဲ့အုပ်စုနဲ့ သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ပိတ်ဆို့ကန့်ကွက် နှောင့်ယှက်တဲ့ လုပ်ကြံမှုဟာ စက်ရုံ အလုပ်သမားမိသားစု တစ်သိန်းကျော်ကို စားဝတ်နေရေး ဒုက္ခပင်လယ် ဝေခဲ့ရသလို ဘဝပျက်ကြတဲ့အထိ နစ်မွန်းပျက်စီးခဲ့တာတွေဟာ ဒီမိုကရေစီရေးတို့၊ လူ့အခွင့်အရေးတို့ ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကာကွယ်ဖာထေးလို့မရဘူး ခင်ဗျာ။ **နိုင်ငံတော်စီးပွားရေး ကျဆင်းအောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေး ကျပ်တည်းအောင်လုပ်ပြီး ပြည်သူတွေ ဆူပူအုံကြွလာဖို့အတွက် အကွက်ချ လုပ်ကြံနေတာတွေကို ပြည်သူတွေ အနေနဲ့ စာဖေက နောကျေသလို သိနေ၊ နားလည်နေတော့ ပြည်သူတွေကို နားလှည့်ပါးရိုက်ပြီး မင်းမဲ့ စရိုက်ထဲ သိမ်းသွင်းစည်းရုံးလို့ မရနိုင်တော့ဘူး ခင်ဗျာ။**

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ ဆိုတာကလည်း မရှိတဲ့ ပြဿနာကို မီးထွန်းရှာသလိုမျိုး လိပ်ကိုအမွေးနုတ်၊ ကြောင်ရေချိုးသလိုမျိုး လုပ်နေတာမို့ သနားတယ်လို့ ပေါက်စပြောချင်သဗျ။ အဲသလို တောင်းဆိုတာဟာ ပြည်သူကို ကိုယ်စားပြုတာလားခင်ဗျာ။ မြန်မာနိုင်ငံမှာ နိုင်ငံရေး အကျဉ်းသားဆိုလို့ အရပ်ရေးပြမှ မြင်ရ၊ တွေ့ရမှာပဲ ခင်ဗျ။ တစ်ခုတော့ ရှိသပေါ့ဗျာ၊ နိုင်ငံတော် သစ္စာဖောက်မှု၊ ပုန်ကန်မှု၊ လက်နက်မှု၊ မိုင်းခွဲမှု၊ မတရားသင်းနဲ့ ဆက်သွယ်မှုစတဲ့ ရာဇဝတ်ပြစ်မှုကြီးတွေက အစ ဖဲမှု၊ ချဲမှု၊ လိမ်လည်မှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားမှု စတဲ့ ပြစ်မှုဥပဒေ အထွေထွေကို ချိုးဖောက်ကျူးလွန်ခဲ့ကြလို့ သက်ဆိုင်ရာ တရားရုံးတွေက ပြစ်မှုဥပဒေနဲ့အညီ အပြစ်ပေးအရေးယူခံကြရတဲ့ပါတီဝင်အမည်ခံ ရာဇဝတ် အကျဉ်းသားတွေတော့ ရှိသဗျ။ NLD ပါတီဝင်တွေဖြစ်လို့ သူတို့ကျူးလွန် ချိုးဖောက်ခဲ့တဲ့ ပြစ်မှုတွေကို ဥပဒေအရ အရေးမယူဘဲ အပြစ်မယူ လျစ်လျူရှုထားရမယ့် အခွင့်ထူးခံ ပုဂ္ဂိုလ်ကြီးများအဖြစ် နိုင်ငံတော်အစိုးရက နားလည်သည်းခံ ခွင့်လွှတ်ပေးရမှာလားလို့ ပေါက်စ မေးပါရစေဗျာ။

ထိုနည်းလည်းကောင်းပေါ့ဗျာ၊ **နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို အားပေးနှစ်သိမ့်တဲ့ အဖြူရောင်လှိုင်း လှုပ်ရှားမှုဆိုပြီး ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားဆိုသူ အချို့ကလည်း ဖွသလို၊ ဆွသလိုလုပ်လာကြပြန်သဗျ။ ပေါက်စတို့လည်း မြန်မာမိသားစုက မွေးဖွားကြီးပြင်းလာတဲ့ မြန်မာလူမျိုးစစ်စစ်ဖြစ်တော့ မြန်မာ့လူမှုရေးအစဉ်အလာအရ အားပေးနှစ်သိမ့်မှု၊ ကူညီစောင့်ရှောက်မှုတရားကို နားလည်ယဉ်ပါးပြီးသားဖြစ်ပါတယ် ခင်ဗျာ။ သို့သော်လည်းပေါ့ဗျာ၊ ကောင်းတဲ့အလုပ်ကို ကောင်းတဲ့စေတနာနဲ့ ကောင်းအောင်လုပ်ကြဖို့တော့ လိုတယ်ခင်ဗျ။ အခု ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားဆိုသူတွေက အဖြူရောင်လှိုင်း လှုပ်ရှားမှုဆိုပြီး အစုအဖွဲ့ အသင်းအဖွဲ့နဲ့၊ သတင်းမေးသလိုလို၊ အတင်းအဖျင်း ဆွေးနွေးသလိုလို လုပ်နေတာကတော့ သွေးရိုးသားရိုး မဟုတ်ဘဲ မျောက်ပြဆန်တောင်း အကြောင်းပြပြီး ဆူပူသောင်းကျန်းဖို့ အုပ်စုဖွဲ့ လှုံ့ဆော်တာလို့ပဲ ပေါက်စ ပြောချင်သဗျ။**

အဲ-လာပုံက ပြာပုံကို ရွှေချသလိုလို အချိုးနဲ့ မရိုးမသား လုပ်လာတာကလည်း မသိရင် ခက်မယ်လို့ပဲ ပေါက်စ လက်တို့ပြီး ပြောချင်သဗျာ။ ဘယ့်နှယ်ဗျာ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စု ခေါင်းဆောင် အတွက် ဆုတောင်းတယ်ဆိုတာ ကိုယ့်အိမ်ကိုယ့်ရာက ဘုရားမှာ ကိုယ်စီ ကိုယ်စီ ဆုတောင်းကြရင်လည်း စေတနာမြောက်သလောက် အကျိုးတရား သက်ရောက်မှာပေါ့ဗျာ။ အခုလို လူစုလူဝေးနဲ့ အဲ့ဒီ အမျိုးသမီးပုံပါတဲ့ အင်္ကျီတွေဝတ်ပြီး ဘုရားပေါ်တက် ဆုတောင်းတော့ ဘာနဲ့တူသလဲ ဆိုရင် မီးရထားတွေ၊ သင်္ဘောတွေပေါ်မှာ ဆေးရောင်းတဲ့ ဆေးကြော်ငြာ သမား အလုပ်မျိုးပဲ ဖြစ်တယ်လို့ ပေါက်စပြောရင် မလွန်ဘူး ထင်ပါရဲ့ ခင်ဗျာ။

ဘာလို့လဲဆိုတော့ ဆေးကြော်ငြာသမားကလည်း သူကြော်ငြာတဲ့ ဆေးအမှတ်တံဆိပ်ပါတဲ့ အင်္ကျီဝတ်ပြီး သူ့ဆေးရောင်းရ၊ မရောင်းရတာက အဓိကမကျဘူး၊ သူ့ဆေးကို လူများများသိအောင် လူထုထုမှာ အာဝဇ္ဇန်း ကောင်းကောင်းနဲ့ ပြောရဆိုရတာကိုး ခင်ဗျ။ အခုလဲ သူတို့ခေါင်းဆောင် ဆိုတဲ့ အမျိုးသမီးကို တော်ကြောင်း၊ တတ်ကြောင်း သူ့ထက်တော်တဲ့၊ တတ်တဲ့သူတောင် သူ့လောက်မတော်ကြောင်း၊ မတတ်ကြောင်း နိုဘယ်ဆုတွေ အပါအဝင် ဆုပေါင်း၉၀နီးနီး ရရှိပြီး ဖြစ်တဲ့အကြောင်း၊ သူတို့ အတွက် ပါတီခေါင်းဆောင် အမျိုးသမီးမှတစ်ပါး ကိုးကွယ်ရာမရှိ၊ စည်းရုံးရေးနတ္ထိဖြစ်နေတဲ့အကြောင်း သောင်းပြောင်းထွေလာ ကြော်ငြာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဓာတ်မြေဩဇာစက်ရုံ ကြည့်ရှုစစ်ဆေး လျာထားချက်ပြည့်မီရေး ဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက်တွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးတင်မောင်ဆွေက လျှပ်စစ်ဓာတ်အားရရှိမှုအပေါ်မူတည်ပြီး လက်ရှိဓာတ်မြေဩဇာထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး(ကုန်ထုတ်) ဦးမျိုးမြင့်က စက်ရုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက စက်ရုံများအလိုက် ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်ရေးနှင့် လျာထားချက်ပြည့်မီအောင် ဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးကာ ဓာတ်မြေဩဇာ ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျွန်းချောင်း ရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ ရေနံဓာတ်ငွေ့ရည် (LPG) ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကျွန်းချောင်း ရေနံဓာတ်ငွေ့ရည် (LPG)စက်ရုံ စက်ခန်းအတွင်း ရေနံဓာတ်ငွေ့ရည် ထုတ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပဋ္ဌာန်းနိဿယပူဇော်ပွဲ

ရန်ကုန် မေ ၂၄

ရန်ကုန် ရွှေကြက်ယက်ဆရာတော် အမှူးထား၍ နယုန်လဆန်းပဋ္ဌာန်းကျမ်းဟူသည်နှင့်အညီ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲမဟာပဋ္ဌာန်း နိဿယ ရွတ်ဖတ်ပူဇော်ပွဲကို နယုန်လဆန်း ၁၁ ရက်မှ ၁၅ ရက်(မေ ၂၆ ရက်မှ ၃၀ ရက်)အထိ ဗဟန်းမြို့နယ် ဗိုလ်ချို ၂ ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း ရွှေကြက်ယက်ကျောင်းတိုက် ကြေးသွန်းတန်ဆောင်းကြီးအတွင်း၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

အင်ပူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၂၄

အင်ပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲကို မေ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားလမ်း (ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းခမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ရန်

အစည်းအဝေးတွင် အသက်(၇၅) နှစ်အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင် ဆုတံဆိပ် လက်ခံရရှိသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ဦးမြင့်သိန်း (တက္ကသိုလ်မောင်မြင့်သိန်း) ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း (ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဦးလှငွေ ဖုန်း-၅၃၇၈၀၉၊ ဦးသောင်းတင် ဖုန်း-၂၁၄၆၄၇၊ ဦးတင်လှိုင် ဖုန်း-၅၉၀၁၀၈၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁၃၉၁၅၉၊ ဦးအောင်မင်း ဖုန်း-၂၉၂၇၃၄၊ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅၀၁၇၈၂၂ နှင့် အသင်းရုံး ဖုန်း-၅၁၉၂၇၃ တို့သို့ ဆက်သွယ် သတင်းပေးပို့ကြရန်ဖြစ်သည်။ **(က-ပ)**

ကမ္ဘာ့သာသနာပြု ခရီးစဉ်အဖြစ် ပခုက္ကူဆရာတော် ပြည်ပထွက်ခွာ

ရန်ကုန် မေ ၂၄

ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် တောင်ပုလုကျောက်ဆင်တောရ၏ ပဓာနနာယက ဆရာတော် ပခုက္ကူဆရာတော်သည် ကပ္ပိယဦးတိုးလိုက်ပါလျက် မေ ၁၉ ရက်က စင်ကာပူနိုင်ငံသို့ သာသနာပြုခရီး ဒေသစာရီ ကြွတော်မူကြောင်းသိရသည်။

ပခုက္ကူဆရာတော်သည် စင်ကာပူနိုင်ငံတွင် တစ်လကြာသီတင်းသုံးတော်မူပြီး တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ **(က-ပ)**

အနာဂတ်ရဲ့ ဗိသုကာ

❖ ကလေးများရဲ့ လက်ထဲတွင်
အနာဂတ်ရဲ့ ပုံရိပ်ထင်၊
သူတို့လိုအင် ဖြည့်ဆည်းပေး
စိတ်ဓာတ် ကြံ့ခိုင်ရေး။

❖ ကလေးဆိုတာ ရတနာ
အနာဂတ်ရဲ့ ဗိသုကာ၊
ကြင်ကြင်နာနာ စောင့်ရှောက်ပေး
ကျန်းမာသန်စွမ်းရေး။

❖ ကလေးတို့ကို မြတ်နိုးပို
ပြုစု ပေးဖို့လို၊
အနာဂတ်ကို ပိုင်စိုးရေး
လူချွန်လူမွန် ဖြစ်အောင်မွေး။

❖ ကလေးငယ်တွေ ပြုံးပန်းဝေ
ပျော်မြူး နိုင်ပါစေ၊
မေတ္တာရေအေး ဖျန်းပက်ပေး
ရှင်လန်း ချိုကြည်မွေး။

❖ ကလေးအရွယ် လူမမည်
မသိမကြွယ် ဉာဏ်မကျယ်၊
နုနယ်ငယ်သွေး အသိမွေး
ဉာဏ်ရည် မြင့်လို့ပေး။

❖ အတွေးဉာဏ်ကျယ် အသိကြွယ်
ပညာတတ်အောင် သင်ရမယ်၊
ကျောင်းနေအရွယ် ကလေးတို့
ပညာသင်ဖို့ ကျောင်းအပ်စို့။

❖ တစ်ယောက်မကျန် အပ်နှံဖို့
ဝိုင်းဝန်း ကူညီစို့။ ။

ရေနံ့သာမောင်ကျော်ညွန့်

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

စကားတွေပြောပြီး ဘုရားရင်ပြင်ပေါ်မှာ ဘုရားဖူးပြည်သူတွေ မကြားချင်အဆုံး ရွတ်ဖတ်သရဇ္ဈာယ် မဖွယ်မရာလုပ်နေတာကလည်း ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဖြစ်အောင် ဆုတောင်းမှားကြလေသလားလို့ ပေါက်စ တရားကျမိ သဗျ။

အခုလို တည်ငြိမ်အေးချမ်းနေတဲ့ ပြည်သူတွေရဲ့ လူမှုဘဝ အခြေအနေကို ဝေလေလေ နိုင်ငံရေးစတန့်တွေနဲ့ ဟိုကလုန့်၊ ဒီကခြောက်ပြီး မတောက်တခေါက် နိုင်ငံရေးသမားအလုပ်တွေ လုပ်နေလို့ကတော့ နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းလာမှာလည်း မဟုတ်ဘူးဗျာ၊ ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာ မဟုတ်ဘူးခင်ဗျ။ ယုန်အပြေးပျက်အောင် ခမောက်နဲ့ ပစ်သလိုမျိုး၊ ခွေးကျိုးနဲ့ ယုန်လိုက်တာလိုမျိုး ဘယ်လိုမှ ကောင်းမွန်တဲ့ အကျိုးတရားရလာမှာ မဟုတ်ဘူးခင်ဗျ။

အမှန်တကယ် ပြည်သူတွေရဲ့ အကျိုးစီးပွားကိုလိုလားပြီး ပြည်သူတွေကို ကိုယ်စားပြုတယ်ဆိုရင် ပြည်သူရဲ့ အကျိုးစီးပွားကို ဆန့်ကျင်ဖျက်ဆီး နှောင့်ယှက် ကန့်ကွက်ပိတ်ဆို့မှုတွေကို ရပ်တန်းကရပ်ဖို့ တောင်းဆို လုပ်ဆောင်ကြရမှာပဲ ဖြစ်တယ်ဗျာ။ ပြည်သူတွေနဲ့အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းကျော်လွှား ရှန်းကန်ရင်း အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ် ခင်ဗျာ။ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုတာ ပြည်သူတွေရဲ့ အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်မယ့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြဖို့ဖြစ်တယ်ဗျာ။

နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ချမှတ်ထားတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးကို ပြည်သူတွေနဲ့အတူ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်ဗျာ။ အဲဒီတာဝန်ဟာ လက်ငင်း အမျိုးသားရေးတာဝန်လည်း ဖြစ်တယ်ခင်ဗျာ။

ဘာလို့လဲဆိုတော့ အမျိုးသားညီလာခံမှာ နိုင်ငံတော်ရဲ့ အသက်ဝိညာဉ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ရေးဆွဲပြဋ္ဌာန်းရမယ့် အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံမူတွေကို တစ်မျိုးသားလုံးရဲ့ ဆန္ဒသဘောထားတွေနဲ့ ညှိနှိုင်းချမှတ်နေတယ်ဗျာ။ အမျိုးသားညီလာခံဟာ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံ တက်ရောက်ညှိနှိုင်းတဲ့ ညီလာခံဖြစ်သလို နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်တဲ့ တစ်ခုတည်းသော လမ်းဖြစ်ပြီးပြောမယ်ဆိုရင် တိုင်းပြုပြည်ပြု အစည်းအဝေးကြီးလည်း ဖြစ်သဗျ။

အဲဒီအခြေအနေအရပ်ရပ်ကို နိုင်ငံတော်ရဲ့ ပကတိအရှိတရားတွေနဲ့ ထင်ဟပ်လေ့လာသုံးသပ်ပြီး အဆုံးအဖြတ်ပြုရမှာကတော့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့လူမှုရေး၊ စီးပွားရေးဘဝဟာ ၁၉၈၈ခုနှစ်က အခြေအနေ မဟုတ်တော့ပါဘူး။ ၂၁ ရာစုခေတ်ထဲကို ရောက်နေတဲ့ ပြည်သူတွေရဲ့ အတွေးအခေါ် အသိအမြင်ဟာ မြင့်မားတိုးတက်နေပြီ ဖြစ်ပါတယ်။ ၂၁ ရာစုခေတ်ရဲ့ အတွေးအခေါ် အသိအမြင်နဲ့ နိုင်ငံတည်ငြိမ်ရေး၊ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု သိပ္ပံနည်းပညာတွေနဲ့ လူမှုရေးဆိုင်ရာ အခြေအနေတွေ မြင့်မားတိုးတက်ရေးတွေကို ဦးတည်မျှော်မှန်းပြီး အနာဂတ်နိုင်ငံတော်သစ်လမ်းပေါ်မှာ အခိုင်အမာရပ်တည်နေကြတယ်ဗျာ။

သို့ကလို နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ပကတိအရှိဘဝတွေနဲ့ ပြောင်းလဲဖြစ်ပေါ်တိုးတက်နေတဲ့ အမျိုးသားနိုင်ငံရေးသမိုင်းစဉ်တရားကို ဆန့်ကျင်ငြင်းပယ်ပြီး ၁၉၈၈ခုနှစ်ကလို မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုး ဖြစ်လာအောင် ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူအုံကြွလာအောင် သိမ်းသွင်းစည်းရုံးလှည့်ဖြားလို့ မရတော့ဘူးဆိုတာ ပေါက်စ ကြိုကြိုတင်တင် သတိပေးပါရစေ ခင်ဗျ။ မရေမရာ၊ မသေမချာ၊ မခိုင်မာတဲ့ အကြောင်းပြချက်တွေနဲ့ တောင်းပွဲ၊ တိုက်ပွဲတွေကိုလည်း ပြည်သူတွေက လက်မခံ မယုံကြည်တော့ပါဘူး ခင်ဗျာ။

ပေါက်စ နိဂုံးကမ္ပတ်အနေနဲ့ အနားသတ်ပြီး စကားဖြတ်ရရင် ဒီနေ့ကာလဟာ ၁၉၈၈ ခုနှစ် မဟုတ်တော့ဘူး ခင်ဗျာ၊ ၂၀၀၇ ခုနှစ်ဟူသော ၂၁ ရာစုခေတ်ထဲမှာ ပြည်သူတွေက နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်း အကောင်အထည်ဖော်နေကြပြီဖြစ်လို့ **"ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ"** ဆိုတဲ့ အကြောင်း ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၅-၂၀၀၇ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Happy and Educational English Summer Course MRTV
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀	၅။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၁၀	၆။	နှောင်းခေတ်တေးပဒေသာ
၁၇:၂၅	၇။	**"အမှန်ချစ်မှ အချစ်မှန်"** ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင် (ဒါရိုက်တာ-ကြည်စိုး)
၁၇:၃၅	၈။	အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းချက်)
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀	၁၂။	တိပိဋကသာသနာ့အာဇာနည် ပေါ်ထွန်းစေဖို့ရည်
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသော အသည်းနှလုံး"** (အပိုင်း-၅)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကြမ္မာနတ်သမီး"** (အပိုင်း-၆)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် မုံရွာစက်မှုဇုန်၌ သွင်းကုန်အစားထိုးစက်အရန်ပစ္စည်းများ ထုတ်လုပ်မှုစစ်ဆေး

နေပြည်တော် မေ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့သည် မေ ၂၀ရက် နံနက်ပိုင်းက မုံရွာမြို့စက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၏ သွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ သံရည်ကျိုပုံသွင်းထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့်သီဟထွန်းကုမ္ပဏီလီမိတက်တို့ပူးပေါင်းထုတ်လုပ်သည့် ချင်းတွင်းသား လေးဘီးထွန်စက်ငယ် ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လယ်ယာထွက်ကုန်ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် အရည်အသွေးမီ လေးဘီးထွန်စက်ငယ်များကို တောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားသည်။

နှစ်မျိုးထုတ်လုပ်

မုံရွာမြို့စက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်အနေဖြင့် မြင်းကောင်ရေ ၂၂ကောင်အားရှိ MT-01-05-06 မော်ဒယ်နှင့် မြင်းကောင်ရေ ၁၈ကောင်အားရှိ MT-02-06-07 မော်ဒယ် ချင်းတွင်းသား လေးဘီးထွန်စက်ငယ် နှစ်မျိုး ထုတ်လုပ်လျက်ရှိသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စက်ရုံခန်းမ၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့တက်ရောက်ရာ အခမ်းအနားတွင် စက်ရုံမှူးဦးမောင်မောင်က စက်ရုံ၏ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကား ပြောကြားကြသည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ စက်ရုံဝန်ထမ်းများက အသင်းဝင်အဆိုပြုလွှာ ၇၇စောင်ကို စုပေါင်းပေးအပ်ကြရာ တိုင်းအသင်းတွဲဖက် အတွင်းရေးမှူးက လက်ခံပြီး ဗဟိုအလုပ်အမှုဆောင်က အသင်းလုံချည်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်သည် နံနက် ၇နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း အသင်းနှင့်မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ကလေး၊ ကသာ၊ တမူးခရိုင် အသင်းများမှ အတွင်းရေးမှူးများ၊တွဲဖက်အတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုံရွာမြို့ မဟာကန်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆရာတော်အား လှူဖွယ်ပစ္စည်းများဖြင့် ကပ်လှူကန်တော့ပြီး ငွေကျပ်တစ်သိန်း၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၀နှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ မုံရွာခရိုင် အသင်း အတွင်းရေးမှူးက ကျောင်းသုံး ပုံနှိပ်စာအုပ် အစုံ ၁၂၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အခမဲ့ပညာသင်ကြားပေး

မဟာကန်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၁၉၉၃ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ယခုအခါ စေတနာ ဆရာဆရာမ ၅၀ဖြင့် ကျောင်းသား ကျောင်း သူ၆၄၇ဦးအား အလယ်တန်းအဆင့်ထိ ပညာသင်ကြားပေးလျက်ရှိသည့်အပြင် ယခုအခါ စေတနာ ဆရာ ဆရာမ ၃၀ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀၅ဦးကို အခမဲ့ ပညာသင်ကြား ပေးလျက်ရှိသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်က ငွေကျပ်တစ်သိန်း၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို၊ မုံရွာခရိုင် အသင်း အတွင်းရေးမှူးက ကျောင်းသုံး ပုံနှိပ်စာအုပ်၅၀နှင့်အလှူရှင် မမေသော်ဦး မွေးနေ့အဖြစ် ၎င်း၏ မိသားစုက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်း ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြောက်ဥက္ကလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေနှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မြောက်ဥက္ကလာပမြို့နယ်ရှိ မာဃသာသနာပြု ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေကျပ်တစ်သိန်း၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မေ ၂၁ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အား/ကာ ညွှန်ကြားရေးမှူးချုပ် အားကစားအဖွဲ့များအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၄

ကာတာနိုင်ငံ ဒိုဟာမြို့တွင် မေ ၂၆ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှဘိလိယက် တစ်ဦးချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘိလိယက်အားကစားအဖွဲ့ဝင်များအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွေ့ဆုံအမှာစကားပြောကြားခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ(၆)ကြိမ်မြောက် အာရှဘိလိယက် တစ်ဦးချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဘိလိယက် အားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံဘိလိယက်အဖွဲ့ချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ပြိုင်ပွဲအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်အဖွဲ့

ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မေ ၂၉ ရက်မှဇွန် ၁ ရက်အထိကျင်းပမည့် ကမ္ဘာ့လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မေ၂၆ရက် မှ ၂၉ရက်အထိ ကျင်းပမည့် ပြေးခုန်ပစ်ဆွေးနွေးပွဲ တက်ရောက်မည့် နည်းပြဆရာတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ (၁)၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာဂေါက်သီးရိုက်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြေးခုန်ပစ်ဆွေးနွေးပွဲ တက်ရောက်မည့် နည်းပြဆရာများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရေတာရှည်မြို့နယ်လုံးကျွတ် ဝက်သက်ကာကွယ်ဆေးထိုးနှံ

ရေတာရှည် မြို့နယ် ကျန်းမာရေး ဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သန်းထွဋ်ဦးနှင့် ရေတာရှည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့်နှင့် အဖွဲ့ဝင်များသည် မေ ၁၈ရက် နံနက်က သပြေတန်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုအားပေးပြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များအားရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျန်းမာရေး ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက် ကြရန် ပညာပေးဆွေးနွေးခဲ့သည်။

ရေတာရှည်မြို့နယ်တွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနက သက်ဆိုင်ရာ ကျန်းမာရေး ဌာနခွဲများအလိုက် ၂၀၀၇ခုနှစ် မေ ၁၄ ရက်မှ ၂၇ ရက်အထိ မြို့နယ်လုံးကျွတ် အသက်ကိုးလမှ ငါးနှစ်အရွယ်ရှိ ကလေးသူငယ်များအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (က-ပ)

မြင်းမူမြို့ ပြည်သူ့ဆေးရုံ စုပေါင်းသန့်ရှင်း

မြင်းမူမြို့ ပြည်သူ့ဆေးရုံကြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မေ ၁၀ ရက် နံနက် ၇ နာရီက အဆိုပါဆေးရုံဝင်းအတွင်း၌ကျင်းပရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညို နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးညိုအုန်း (ညိုအုန်းမြင့်-ပြန်/ဆက်)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးအောင်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါ်ခင်မျိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၃၅၀ ကျော်တို့က ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှေးဦးစွာပြုစုနည်း(အခြေခံအဆင့်)သင်တန်းဆင်း

ပူတာအိုမြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ ရှေးဦးစွာ ပြုစုနည်း (အခြေခံအဆင့်)သင်တန်း (၁/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က ပူတာအိုအခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ သင်းလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူး သန်းထွန်းဦးက သင်တန်းတွင် စာပေဘာသာရပ်၌ ထူးချွန်ဆုရ သင်တန်းသူတစ်ဦးကို လည်းကောင်း၊ စစ်ရေးပြ ဘာသာရပ်၌ ထူးချွန်ဆုရ သင်တန်းသူတစ်ဦးကို မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက လည်းကောင်း ဆုများချီးမြှင့်ကာ အသင်းဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း

သတင်း

အတိုအထွာ

ခါနွေဦးလှုပ်ရှားမှု ကြံ့ခိုင်ရေး သင်တန်းဆင်း

စစ်ကိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းမှ ကြီးမှူးဖွင့်လှစ်သော ခါနွေဦးလှုပ်ရှားမှု အခြေခံ ကြံ့ခိုင်ရေးသင်တန်း (၂/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ စစ်ကိုင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် စာပေဆုနှင့် စစ်ရေးပြထူးချွန်ဆုရရှိသူများအား တိုင်း အလုပ်အမှုဆောင် ဦးဝင်းတင့်က ဆုများချီးမြှင့်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့နယ် အတွင်းရေးမှူး ဦးစိန်ခဲက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(က-ပ)**

အလုပ်သမားရေးရာ ဟောပြော ဆွေးနွေးပွဲ တောင်ကြီး အေးသာယာ စက်မှုဇုန်၌ကျင်းပ

အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန အလုပ်ရုံ၊ အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်းပြီး အလုပ်သမားရေးရာ ဟောပြောဆွေးနွေးပွဲကို အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ အစည်းအဝေးခန်းမ၌ မေ ၁၉ ရက် နံနက် ၉ နာရီကကျင်းပရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်က အလုပ်သမားများရပိုင်ခွင့်ဆိုင်ရာ ကိစ္စများနှင့်အလုပ်ရှင်များက ဆောင်ရွက်ပေးရန်ကိစ္စများအား လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းလှိုင်နှင့် အလုပ်ရုံစစ်ဆေးရေးမှူး ဦးစည်သူအောင်တို့က အလုပ်ရုံဥပဒေနှင့် စစ်ဆေးရေးဆိုင်ရာကိစ္စများအား လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ ပြည်နယ်မန်နေဂျာ ဦးသန်းဝင်းက လူမှုဖူလုံရေးဆိုင်ရာကိစ္စများ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များအား ပြန်လည်ဖြေကြားကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကျင်းပ

မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ် သူနာပြု အသင်းဥက္ကဋ္ဌ ဆရာမကြီး ဒေါ်သိန်းက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး လူမှုရေးအသင်းအဖွဲ့ များကပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် မေ ၂၀ရက် နံနက် ၈နာရီခွဲက လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းခန်းမ၌ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ နိုင်ငံသားစိစစ်ရေးကတ်ပြား လျင်မြန်စွာထုတ်ပေးနိုင်ရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်များ အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာအတူတကွ စုပေါင်းနေထိုင်ကြသည့်ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ယင်း တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အဆင့်မှာပင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းအဖွဲ့များနှင့်အတူ လူမှုရေးအသင်း အဖွဲ့ဝင်များကပါ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ လုပ်ငန်းများ မှန်မှန်ကန်ကန် လျင်လျင်မြန်မြန် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးညိုရွှေက ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ လူဦးရေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည်ရုံးခန်းမအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပုံလုပ်ငန်းအဆင့်ဆင့် သရုပ်ပြ ရှင်းလင်းပြသနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးခရိုင်ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိစစ်လက်မှတ်ရေးထိုးပြီး ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြပြီး ပြည်ထောင်စုခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံသည်။

ရှေးဦးစွာ မူဆယ်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းက ခရိုင်အတွင်းနိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီး ဌာနမှူး ဦးညိုရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတစ်ဝန်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးညိုရွှေက သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှု အားပေးသည်။ **(ဓာတ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့သည်မူဆယ်မြို့သို့ ညနေ ၄နာရီခွဲတွင်ရောက်ရှိကြပြီး မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းရေး စခန်းများဖြစ်ကြသည့်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ အမှတ်(၁)စခန်း(ရွှေနန်းတော်) သို့လည်းကောင်း၊ မန့်ဝိန်းစခန်းသို့ လည်းကောင်း၊ အမှတ်(၂)စခန်း (ဆင်ဖြူ) သို့ လည်းကောင်း လှည့်လည်သွားရောက်၍ လူနှင့်ယာဉ်များ နှစ်နိုင်ငံ ဖြတ်သန်းသွားလာမှုနှင့် e-Entrance စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မေ ၂၁ ရက်တွင် မူဆယ်မြို့ရှိ ရွှေနန်းတော်ခရီးသွား စင်တာ၌ မူဆယ်ဒေသရှိလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံကာ နယ်စပ်ဒေသ စခန်းများ၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့သည်သိန္နီမြို့နယ်အခြေခံ ပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နောင်ချိုမြို့ မြို့နယ်ခန်းမ၌လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများလွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူးဦးညိုရွှေက သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေး နိုင်ရေး အတွက် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် လားရှိုးမြို့နယ်၌ ၁၈၀ဦးနှင့် ကွတ်ခိုင်မြို့နယ်၌ ၁၃၂ ဦးကို လည်းကောင်း၊ မေ ၂၀ ရက်တွင် သိန္နီမြို့နယ်၌ ၂၁၈ ဦး၊ နောင်ချို မြို့နယ်၌ ၃၂၀ တို့ကို လည်းကောင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

GENERAL လေအေးပေးစက် မိတ်ဆက်ရှင်းလင်း

ရန်ကုန် မေ ၂၄

ဂျပန်နိုင်ငံ Fujitsu General Ltd.နှင့် Golden Orchid Ltd. တို့ ပူးပေါင်းကျင်းပသည့် Generalအမှတ်တံဆိပ် လေအေးပေးစက်ပုံစံသစ်များ စတင်မိတ်ဆက်ပွဲအခမ်းအနားကိုယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ကမ်းနားလမ်းရှိ Strand Hotel ခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Fujitsu General Ltd. စင်ကာပူမှ ဒါရိုက်တာ Mr. David Lau **(အောက်ပုံ)**က နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် Golden Orchid Ltd. မှ ဒါရိုက်တာ ဦးစိုးဝင်းနှင့် Fujitsu General Ltd. မှ Service Manager Mr.Kho Yong Seng တို့က General လေအေးပေးစက်များထဲမှ အဆင့်မြင့်အိမ်ရာ၊ ဟိုတယ်၊ ကွန်ဒိုမီနီယံ၊ ရှော့ပင်းစင်တာ၊ ရုံးခန်း၊ စက်ရုံ အလုပ်ရုံနှင့် ဆေးရုံသုံးအမျိုး အစားများဖြစ်သည့် Variavle Refrigerant Flow System(VRF) အကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်သွယ်နိုင်

Golden Orchid Ltd. သည် General လေအေးပေးစက်ဝယ်ယူသူတိုင်းအား ကုမ္ပဏီမှ အင်ဂျင်နီယာများဖြင့် စနစ်တကျ တွက်ချက်တပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် အမြို့မြို့ အနယ်နယ်ရှိလေအေးပေးစက်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Golden Orchid Ltd. မှ မြန်မာတစ်ပြည်လုံးသို့ ပစ္စည်းဖိုး၊ လက်ခတစ်နှစ်နှင့် လက်ခဖိုးအခမဲ့နှစ်နှစ် စုစုပေါင်း သုံးနှစ်ဖြင့် ရောင်းချပေးမည် ဖြစ်သည်။ ဝယ်ယူလိုသူများအနေဖြင့် General အရောင်းပြခန်း အမှတ် ၈၃-၉၁ မြေညီထပ် ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၇၀၆၂၂၃၊ ၃၇၁၉၀၆ နှင့် အီးမေးလ်လိပ်စာ gol @mptmail. net. mmတို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင် တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Vitamin B Complex Sugar Coated Tablet	Rota Labs Co.,Ltd.	ဖော်ပြထားခြင်းမရှိပါ။
၂။	Vitamin C Injection (Ascorbic Acid USP 100 mg/Amp)	T.P. Drug Laboratories (1969) Co.,Ltd., Bangkok	Thailand
၃။	Sambee Tablet (Vitamin B 1 (Thiamine mononitrate)100 mg, Vitamin B6 (Pyridoixine Hydrochloride) 5 mg, Vitamin B 12 (Cyanocobalamine) 65 Mcg)	The Medicpharma Co.,Ltd., Bangkok	Thailand
၄။	Antacil Tablet	ထိုင်းစာသားများဖြင့် ဖော်ပြထားပါသည်။	ဖော်ပြထားခြင်းမရှိပါ။
၅။	Rotuss Tablet (Dextromethorphan HBr 15 mg)	ဖော်ပြထားခြင်းမရှိပါ။	ဖော်ပြထားခြင်းမရှိပါ။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်း ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖမ်းဆီးခြင်းမပြုလုပ်ရန် သတိပေးတားမြစ်

ရန်ကုန် မေ ၂၄

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး၊သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက်ထိန်းသိမ်းရန်အလို့ငှာ ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၇ခုနှစ် ဇွန်လ ၁ရက်နေ့မှ ဩဂုတ်လ ၃၁ရက်နေ့အထိကို အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန်ကို ညွှန်ကြားချက်အမှတ်(၂/၂၀၀၇)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

၂။ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန်တားမြစ်ထား တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၄ဒီဂရီ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၀မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ၀၀မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်း တွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ဘီ-၂၀)(ငါးဖမ်းကွက်အမှတ် စီ-၃ နှင့် စီ-၄ တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့်တနင်္သာရီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ် အတွင်းတွင်(ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၅၅မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ၀၉မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၁၅မိနစ်အတွင်း(တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်၊ ဝက်ဖြူတောင်နှင့်သာများ မိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်းရေပြင်။

၃။ သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများ၌ ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် အသိပေး ကြေညာထားသည်။

ငါးလုပ်ငန်းဦးစီးဌာန။

■ ကျောဖုံးမှ

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး ဒေသ၌ စိုက်ပျိုးလိုသူများ ပိုမိုပေါ်ထွက်လာစေရန် စည်းရုံးဆောင်ရွက်ရေး၊ နည်းပညာများ အသိပေး ဖြန့်ဝေပေးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုစိုပြေပြေကုမ္ပဏီ၏ ရော်ဘာပျိုးခြံအတွင်း တစ်နှစ်နှင့်ရှစ်လသားအရွယ်ရှိ ရော်ဘာပျိုးပင် ၉၈၂၄၈၅ ပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့အနီးပတ်ဝန်းကျင်၌ ဆင်းရွှေလီအစေ့ထုတ်ပြောင်းများနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဒေသသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် မူဆယ်မြို့ ကုန်သွယ် စည်းပွားရေးလုပ်ငန်းများ အခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၂၂ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် လားရှိုး-သီပေါ-မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း ထွက်ခွာခဲ့ကြရာ သီပေါမြို့နယ် ခိုလုံရွာအနီးရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ကို ဆက်သွယ်ထားသော သီပေါ-လွိုင်လင် လမ်းခွဲသို့ ရောက်ရှိကြပြီး ခိုလုံ-နားလန် ကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပဲပုပ်နှင့် တောင်ယာစိုက်ခင်းများအခြေအနေကို လည်းကောင်း၊ သဘာဝသစ်တောများ အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သီပေါမြို့နယ် ပန်းညုကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပန်းညုကျေးရွာမှ ကြိုဆိုနေကြသော ရပ်မိရပ်ဖများ၊ ပန်းညုကျေးရွာ၌ လာရောက် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ကြရေး၊ ဒေသနေ တိုင်းရင်းသားပြည်သူများအပေါ် စိတ်စေတနာကောင်းများထားရှိကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပန်းညုကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းတို့က လက်ခံကြသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပန်ညုကျေးရွာမှ ပန်းညု-နမ့်လန်-လွိုင်လင် ကားလမ်းမအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ နမ့်လန်ကျေးရွာအုပ်စု ဟိုစန့်ကျေးရွာအနီးရှိ လွိုင်လင်သစ်ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိကြပြီး နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပသို့ တင်ပို့ရောင်းချရန် လွိုင်လင်နှင့် မိုင်းကိုင်မြို့နယ်များနှင့် တုံလောသစ်တောကြိုးဝိုင်းတို့မှ ထုတ်ယူထားသော သစ်များ စုပုံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်လန်ကျေးရွာသို့ ရောက်ရှိကြရာ သီပေါမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နမ့်လန်ကျေးရွာမှ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နမ့်လန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သီပေါမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်လန်ကျေးရွာမှ ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နမ့်လန်ဒေသသည် ရေမြေသဘာဝ ကောင်းမွန်ရုံသာမက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့ဆက်သွယ်ရာ၌လမ်းဆုံကြသော ဒေသဖြစ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ နမ့်လန်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအေးချမ်းသာယာရေးအတွက် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိရာ ယခုအခါ နမ့်လန်ဒေသသည် အေးချမ်းတည်ငြိမ်လာပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဖိဖိစီးစီးလုပ်ကိုင်နိုင်ကြပြီဖြစ်ကြောင်း၊ ရရှိထားသည့် ညီညွတ်မှုကိုလည်း အပျက်အစီးမခံဘဲ ပြည်ထောင်စုစိတ်ဓာတ်၊ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်မှုအားတို့ဖြင့် မိမိဒေသတွင် စီးပွားရေးအလားအလာကောင်းများ ရရှိနေစေရန် အစဉ်အမြဲကြိုးစားလုပ်ကိုင်နေကြရမည် ဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နှင့် မြို့ပြလူနေမှုအဆင့်အတန်း ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ နမ့်လန်ဒေသအပါအဝင် ပြည်နယ်တစ်ခုလုံးအား စေတနာထားရှိ၍ ဆောင်ရွက်နေခြင်းအပေါ် ဒေသခံတိုင်းရင်းသားများကလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရော်ဘာသည် ပြည်ပဈေးကွက်ရရှိနေသဖြင့် နမ့်လန်ဒေသ၌ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးကြရန် အကြံပြုပြောကြားလိုကြောင်း။

ထို့ပြင် စက်သုံးဆီ အစားထိုးနိုင်ရန် ဇီဝလောင်စာဆီထုတ်ယူနိုင်သည့် ကြက်ဆူကိုလည်း နမ့်လန်ဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နမ့်လန်မြို့နယ် ဆေးရုံအတွက် ဆန်အိတ် ၃၀ ကို ဆေးရုံကြီးကြပ်ရေး အကျိုးတော်ဆောင် ဦးဘသန်းထံသို့လည်းကောင်း၊ သွေးတိတ်စက်ကို တိုက်နယ် ဆရာဝန် ဒေါက်တာရွှေဥဏ်ထံသို့ လည်းကောင်း ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်လန်တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး အလှူငွေများကို လူနာတစ်ဦးချင်းထံ လိုက်လံပေးအပ်သည်။

အဆိုပါ နမ့်လန်တိုက်နယ်ဆေးရုံတွင် လူနာ ၇၅ ဦး ဆေးဝါးတက်ရောက် ကုသမှုခံယူလျက်ရှိပြီး ဆေးရုံကြီးကြပ်မှုကော်မတီက ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများအား နေ့စဉ် နံနက်စာ တစ်နပ်ကျွေးမွေး၍ လိုအပ်သောကိစ္စအဝဝကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်နယ်မှ အရာရှိ၊စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် အဝတ်အထည်များ ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်လန်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နောင်ချိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မေ ၂၃ ရက်နံနက်ပိုင်းတွင် နောင်ချိုမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာ မဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်အတွက် အင်းစိန် ဈေးအထည်ဆိုင် (၂)ရုံနေ ဦးခင်ရွှေ-ဒေါ်လှဝင်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းသုံးသောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအမကြီး ဒေါ်လှခင်စောက ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရှမ်းပြည်နယ်ရှိ သတ္တုတွင်းစီမံကိန်းစက်ရုံများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းတို့ လိုက်ပါလျက် မေ ၁၉ ရက် ညနေပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရွှေလီရိပ်သာသို့ ရောက်ရှိပြီး ရိပ်သာဧည့်ခန်းမ၌ သက်ဆိုင်ရာ ဌာနတာဝန်ခံများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သတ္တုတွင်းများနှင့် စက်ရုံတာဝန်ခံများ၊ သတ္တုတွင်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သတ္တုကဏ္ဍ တိုးတက်ရေး၊ သတ္တုတွင်း ဥပဒေနည်းဥပဒေနှင့်အညီ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များနှင့်ထွက်ခွာခဲ့ရာ နမ္မတူ-ဘော်တွင်းသတ္တုတွင်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မိုင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းရွှေက ဘော်တွင်းမိုင်း၏ မြေပေါ်မြေအောက် သတ္တုရိုင်းတူးဖော်မှုနှင့် ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စီမံကိန်းရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ရေး၊ ခြိစည်းရိုးကြက်ဆူပင်များ အောင်မြင်အောင်စိုက်ပျိုး၍ ထိရောက်စွာအသုံးချရေး၊ လက်တွေ့ကျကျဆောင်ရွက်ရန် မှာကြားသည်။

စက်များကြံ့ခိုင်ရေး

ဆက်လက်၍ ဘော်တွင်း သတ္တုတွင်း မြေပေါ်သတ္တုသိုက်အား ဟင်းလင်းဖွင့်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မိုင်းဒီဇိုင်းဖြင့် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး ရှေ့ဆက် ဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ သတ္တုရိုင်းသန့်စင်ရေးစက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ထုတ်လုပ်မှုတိုးတက်ရေးအတွက် စက်များကြံ့ခိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် နမ္မတူမြို့ သင်တန်းခန်းမ၌ စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ ရည်မှန်းချက်များပြည့်မီအောင် နည်းလမ်းများရှာဖွေ၍ ကြိုးစားဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်မီသည့် ကျွမ်းကျင်လုပ်သားများဖြစ်အောင် လေ့ကျင့်ဖြည့်ဆည်းသွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ငွေ၊ ခဲ၊ သွပ်သန့်စင် စက်ရုံ၌ စက်အစိတ်အပိုင်းများကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် ကြိတ်ခွဲမည့် သတ္တုရိုင်းများ အချိုးအစားမှန်ကန်ရေး ရောစပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာအထွင့်အထိပ်ကုမ္ပဏီ၏ ဇင့်အောက်ဆိုဒ်စက်ရုံသို့ ရောက်ရှိပြီး ကျိုချက်စက်ရုံမှ ယခင်စွန့်ပစ်ခဲ့သည့် ခဲချော်ချေးများမှ ဇင့်အောက်ဆိုဒ် ပြန်လည်ထုတ်ယူသည့် စက်ရုံထုတ်လုပ်မှုနှင့် ပြုပြင်တည်ဆောက်နေသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ အရည်အသွေးမီသည့် ဇင့်အောက်ဆိုဒ်များကိုလျာထားသည့် ရည်မှန်းချက်အတိုင်း အပြည့်အဝထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဖြည့်သွင်းရမည့် သွင်းအားစုများထည့်သွင်း၍ လုပ်ငန်းအောင်မြင်အောင် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတည်ဆောက်ရေးလှူဒါန်း

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်ကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်း မြင်းမူမြို့ မင်းရဲကျော်စွာလမ်းနေ ဦးမင်းလွင်-ဒေါ်ငွေးမိသားစုက အလှူငွေကျပ် ၁၅ သိန်းကို ဩဝါဒါစရိယဆရာတော်များ၏ ရှေ့မှောက်တွင် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးအေးမြင့်နှင့်ဦးမောင်လှိုင်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်မှုအတွက် အလှူရှင်များသည် စေတီတော်ဂေါပကအဖွဲ့၏ ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ ကျောဖုံးမှ

စိတ်ပျက်လာ

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းမှု၊ သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ပြီး မိမိနိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို လုပ်ဆောင်နေမှုတို့ကြောင့် ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်း မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းရေး ရေနုတ်မြောင်းတူးဖော်

ရန်ကုန် မေ ၂၄

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းရေးလုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က ဝမ်ဖိုင်ရပ်ကွက်လမ်းနှင့် ပြည်ထောင်စုလမ်းမအဝင် တံတားတစ်ဝိုက် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

25-5 (08) 1 5/24/07, 12:53 PM

မိုးထဲလေထဲ လေးပွင့်ဆိုင်ခြေစမ်းပွဲ စတုတ္ထနေ့ယှဉ်ပြိုင် အဝါရောင်က အဖြူရောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၄

မြန်မာဘောလုံးအသင်း လူရွေးချယ်ရေးအတွက် လေးပွင့်ဆိုင်ခြေစမ်းပွဲများ ကျင်းပနေသည်မှာ စတုတ္ထမြောက်ပွဲစဉ် ရှိလာခဲ့ပြီဖြစ်သည်။ ယနေ့ (မေ ၂၄ ရက်)၌ အဝါရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အောင်ကျော်မျိုး

အောင်ဆန်းကွင်းအတွင်း လေ့ကျင့်နေသော ဘောလုံးသမားများအနက် အဝါရောင်အသင်းမှ ဘောလုံးသမားအချို့ကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။ အဝါရောင်အသင်းမှ တိုက်စစ်မှူးတစ်ဦးဖြစ်သူ အောင်ကျော်မျိုးအား ဘောလုံးကစားရမှု အနေအထားနှင့် ပတ်သက်ပြီး **"အခုအချိန်မှာ ကြံ့ခိုင်မှုအပြည့်ရှိနေတော့ ကစားရတာ ကောင်းပါတယ်။ ပထမပွဲတုန်းကလဲ အားရအောင် ကစားနိုင်ခဲ့တာဆိုတော့ မြန်မာ့ဘောလုံးအသင်းလက်ရွေးစင်အဖြစ် အရွေးခံရဖို့ မျှော်လင့်နေပါတယ်"**ဟု ဖြေကြားသည်။

ထို့အပြင် လက်ရှိဘောလုံးကစားနေမှုနှင့် ပတ်သက်၍လည်း အောင်ကျော်မျိုးက **"မိခင်ကလပ်က စွမ်းအင်အသင်းပါ။ လေ့ကျင့်မှုကတော့ အသင်းနဲ့အတူ လုပ်ဖြစ်နေပါတယ်။ နိုင်ငံတကာဘောလုံးပွဲ အနေနဲ့ကတော့ ၂၀၀၄-၂၀၀၅ ခုနှစ်တုန်းက မြန်မာနိုင်ငံ အသက် ၁၇ နှစ်အောက် လူငယ်အသင်းနဲ့ အတူ ထိုင်းနိုင်ငံမှာ သွားကစားဖူးပါတယ်"** ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။



"ကြံ့ခိုင်မှုအပြည့်နဲ့ ကစားခဲ့ပါတယ်"

သူရိန်စိုး(တိုက်စစ်မှူး)
(အဖြူရောင်အသင်း)

"အရင်ပွဲတွေမှာလဲ လက်စွမ်းပြ ကစားနိုင်ခဲ့တာမို့ အားရပါတယ်"

အောင်အောင်ဦး(ဂိုး)
(အဝါရောင်အသင်း)

ခြေစွမ်းပြ ကစားထားတော့ အရွေးခံရဖို့ မျှော်လင့်ပါတယ်။

ထက်အောင်(အလယ်တန်း)
(အဝါရောင်အသင်း)

စိတ်တိုင်းကျ ကစားနိုင်ခဲ့ပါတယ်။

အောင်ကျော်မျိုး(တိုက်စစ်မှူး)
(အဝါရောင်အသင်း)

"ဒီလေးပွင့်ဆိုင်ပွဲတွေမှာ ကစားခဲ့သမျှတော့ ကြိုးစားကစားခဲ့တာပါပဲ။ ကျွန်တော်က ထိခိုက်ဒဏ်ရာလဲ မရထားတော့ အင်အားပြည့် ကစားနိုင်ပါတယ်။ မိခင်ကလပ်က ပို့ဆောင်ရေးမှာ ကစားနေတာဆိုတော့ တစ်နှစ်လုံး လေ့ကျင့်မှုမပြတ်ပါဘူး။ အခု လူရွေးချယ်ပွဲမှာ ကျေနပ်အောင် ကစားခဲ့ရလို့ အရွေးခံရမယ်လို့တော့ မျှော်လင့်နေတာပါပဲ"ဟု ပြောကြားသည်။

ထက်အောင်သည် ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံ အသက် ၁၇ နှစ်အောက် လူငယ်ဘောလုံးအသင်းတွင် ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး လာအိုနိုင်ငံတွင် မြန်မာဘောလုံးအသင်းနှင့်သွားရောက်ကစားခဲ့ဖူးသူလည်း ဖြစ်သည်။

အောင်အောင်ဦး

ထို့နောက် အဝါရောင်အသင်း ဂိုးသမား အောင်အောင်ဦးနှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ အောင်အောင်ဦးက **"ဘဏ္ဍာ/အခွန်အသင်းနဲ့ လေ့ကျင့်မှု မပြတ်ပါဘူး၊ ကြံ့ခိုင်မှုလဲ ရှိနေပါတယ်။ အရင်လေးပွင့်ဆိုင်ပွဲတွေမှာ လက်စွမ်းပြနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကစားခဲ့တဲ့ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှာ ကျွန်တော့် ဘယ်လက်သူကြွယ် ကျိုးခဲ့တာဖြစ်ခဲ့ပေမယ့် အခုပြန်ကောင်းသွားပါပြီ၊ အခုပွဲတွေမှာ ကျွန်တော်ကစားတာ ကြိုက်ရင် ဘရာဇီးနည်းပြက ရွေးမှာဆိုတော့ ကြိုးစားထားပါတယ်"**ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ထက်အောင်

ထို့နောက် အဝါရောင်အသင်းမှ အလယ်တန်း ကစားသမားဖြစ်သူ ထက်အောင်နှင့်တွေ့ဆုံကာ ဆက်လက်မေးမြန်းဖြစ်သည်။

အဝါရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ဂိုးရရှိရေး ဤသို့ အကြိတ်အနယ် ကြိုးစားခဲ့ကြသည်။

ကစားနိုင်တာမို့ မြန်မာ့လက်ရွေးစင်အသင်းမှာ အရွေးခံရမယ်လို့ မျှော်လင့်နေပါတယ်"ဟု ဖြေကြားသွားသည်။

သူရိန်စိုး

တစ်ဖန် ယနေ့ပွဲ၌ အဖြူရောင်အသင်းမှ ကစားမည့် သူရိန်စိုးအား တွေ့ဆုံမေးမြန်းခဲ့သည်။ **"ကျွန်တော့် မိခင်အသင်းက သစ်တောပါ။ သစ်တောအသင်းနဲ့ပွဲတွေ ကစားသလို လေ့ကျင့်မှုတွေလဲ လုပ်ဖြစ်ပါတယ်။ ကျွန်တော်က တိုက်စစ်မှူးဆိုတော့ အတော်လေး ကြိုးစားကစားနေပါတယ်။ အရင်က အသက် ၁၇ နှစ်အောက် လူငယ်အသင်းမှာ ကစားခဲ့ဖူးတယ်။ ပွဲတွေ အများကြီး ကစားခဲ့ရတာဆိုတော့ အခု လေးပွင့်ဆိုင် လူရွေးပွဲမှာ ကျွန်တော် စွမ်းအားပြည့်**

အားကုန်နွှဲ

ယနေ့ပွဲတွင် အဝါအသင်းနှင့် အဖြူအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပွဲစတင်ပြီး ၁၀ မိနစ်အကြာမှာပင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မိုးထဲလေထဲ၌ နှစ်သင်းစလုံး အားကုန်နွှဲခဲ့ကြရသည်။

နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားနိုင်ကြသလို တောင်ပံတိုက်စစ်များကိုလည်း နှစ်သင်းစလုံး အသုံးပြုခဲ့ကြသည်။ အဝါရောင်အသင်းက ကစားကွက်မိမိ အပေးအယူအမှန်မှန်ဖြင့် ဂိုးရရှိရေးကြိုးစားသော်လည်း အဖြူရောင်အသင်းမှ ခံစစ်မှူးများက ဟန့်တားနိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း အပိုင်ကန်သွင်းခွင့် မရရှိခဲ့ချေ။

ကစားကွက်

ဒုတိယပိုင်းပွဲအစတွင် မိုးလည်းစဲသွားပြီဖြစ်သဖြင့် နှစ်ဖက်အသင်းများ ကစားအားတင်ခဲ့ကြရာ အဝါအသင်းက ကွင်းလယ်ကစားကွက် အသာစီးရပြီး ထိုးဖောက် ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲအစ ၄ါးမိနစ်မှာပင် အဝါရောင်အသင်း တိုက်စစ်မှူး အောင်ကျော်မျိုးက ညာထောင့်မှ အမှတ်မထင် အမြင့်ဘော ကန်သွင်းလိုက်ရာ အဖြူရောင်ဂိုးသမား ကျော်မင်းလှိုင် ခေါင်းပေါ်မှ ကျော်ပြီးဝင်သွားခဲ့သဖြင့် အဝါရောင်အသင်း အဖွင့်ဂိုး ရရှိသွားသည်။

အဖွင့်ဂိုး ပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေးအတွက် အဖြူရောင်အသင်း တိုက်စစ်ဆင်ကစားရာ အဝါရောင်အသင်း ဂိုးဧရိယာအစပ်၌ ပြစ်ဒဏ်ဘောရရှိသော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ချေ။ ထို့နောက် အဝါရောင်အသင်းသည် အချိတ်အဆက်မိမိဖြင့် ဘယ်တောင်ပံ၊ ညာတောင်ပံများမှ တိုက်စစ်ဆင်ခဲ့ရာ အဝါရောင်အတွက် ဒုတိယဂိုးကို အောင်မိုးက ကန်သွင်းရာ အဖြူရောင် ဘောလုံးသမားတစ်ဦးနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် ဒုတိယဂိုး ရရှိခဲ့သည်။

အနီးကပ်သွင်း

အဖြူရောင်အသင်းသည် ဒုတိယပိုင်းတွင် ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ရာ ဇော်လင်းထွန်း(၂) ကန်သွင်းမှုကို အဝါရောင်ဂိုးသမား အောင်အောင်ဦးက ကာကွယ်နိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ အဖြူရောင်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို သူရိန်စိုးက ဂိုးဧရိယာအတွင်းမှ အနီးကပ် ကန်သွင်းယူလိုက်သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

သူတို့ပါဝင်

နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အဝါရောင်အသင်းတွင် အသင်းအုပ်ချုပ်သူ ဦးစိုးမြင့်လွင်နှင့် နည်းပြ ဦးဇော်ဝင်းထွန်းတို့က ဆောင်ရွက်ခဲ့သည်။ အဝါရောင်အသင်းတွင် **(ဂိုး)**အောင်အောင်ဦး၊ ထက်အောင် (အောင်ထွန်းလင်း)၊ ကျော်ဇေယျာမင်း၊ အောင်ဝင်းနိုင်နှင့် ကျော်ဇင်ဝင်းတို့အပြင် ကျော်သက်ဦး၊ အောင်မိုး၊ တိုးမြင့်လှိုင်၊ ကျော်ကျော်ခိုင်၊ သူရအောင်နှင့် အောင်မြင့်အေးတို့ ပါဝင် ကစားသွားသည်။

အဖြူရောင်

အဖြူရောင်အသင်းတွင် အုပ်ချုပ်သူ ဦးခင်မောင်တင့်၊ နည်းပြ ဦးကျော်လွင်တို့က ဆောင်ရွက်ပြီး ကစားသမားများအဖြစ် ဇော်မိုးအောင် **(ဂိုး)**၊ ကျော်ဒွန်း၊ ဇော်ခါး၊ မင်းသူ၊ ဇော်လင်းထွန်း(၂)၊ ရာဇာစိုး၊ နိုင်ဝင်း၊ တင်အောင်မိုး၊ စိုင်းသူမောင်၊ အောင်ရဲထွဋ်၊ သူရိန်စိုးတို့ ပါဝင်ကစားသွားကြသည်။ ။ **မြန်မာ့အလင်း**

The Live News ဂျာနယ် အမှတ် (၃၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၄

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၃၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ နှစ် ၂၀ ကျော်သက်တမ်းအတွင်း Bus ကားစီးခရီးသည် ပေါင်းနှစ်ဆအထိ မြင့်တက်လာခဲ့၊ မီးခိုးထွက် မော်တော်ယာဉ်များကို မီးခိုးထွက်စီမံချက်အနေဖြင့် ကညနက စစ်ဆေးလျက်ရှိ၊ အကန့်အသတ်မဲ့ ကုန်ပို့နိုင်ခြင်းကြောင့် မြန်မာ့စီးပွားရေး အရှိန်အဟုန် ပိုမြန်လာမည်၊ ကြေကွဲဖွယ် မြန်မာသဘော်သားသတင်းများ၊ အမှောင်မှအလင်းသို့၊ စာကြည့်တိုက်ဒိုင်ယာရီ၊ (ပုဂံပိဋကတိုက်)၊ ရွှေစက်တော်သွားတောလား(၃)၊ ကမ္ဘာ့ဘဏ်နှင့်အိမ်ဖြူတော်အတွင်းမှ တိုးတိုးတိတ်တိတ်ဓာတ်လမ်းများနှင့် ဂူလ်ဖိုဝစ်ဇ်အရုပ်တော်ပုံ၊ ပျောက်ဆုံးအမေရိကန်စစ်သည်များအတွက် ဆုငွေဒေါ်လာနှစ်သိန်းထုတ်ပြန်၊ ထွက်တော်မူ နန်းကခွာမယ်ဆိုတဲ့ ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲနှင့် ရိုက်ခတ်လွင့်ပျံ့ဂယက်သံများ၊ တောင်နှင့်မြောက်ကိုရီးယားအကြား သွေးချင်းယှက်နွယ်-မီးရထားဆက်သွယ်၊ စင်ကာပူယောက္ခမကားအလကားစီးသူများ၊ တက္ကစီမင်း၏နောင်တ၊ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ မောင်ကြေးစည် (ကေတုမတီ)၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်နေလင်း၊ မေခလာ(R/O)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း (မြေညီထပ်) အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၅)

ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မေ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာပြီး ဆက်ကပ်လှူဒါန်းခဲ့သော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များနှင့် ပူဇော်ခြင်းခံရတော်မူကြသော ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိစ္စ(သာယာဝတီကျောင်း)နှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုဗြဟ္မ (စိတ္တသုခကျောင်း) အရှင်မြတ်နှစ်ပါးတို့အား ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာသဘင်အား တစ်မြို့နယ်လုံးမှ ထပ်ဆင့် ချီးကျူးပူဇော်ပွဲကို သံဃနာယကအဖွဲ့က ကြီးမှူး၍ ကောဇာသက္ကရာဇ် (၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၂ ရက်) မေ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စလင်းကျောင်းတိုက် ဂန္ဓကုဋိတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ရုရှား၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ အနည်းဆုံး အလုပ်သမား ၃၆ ဦး သေဆုံး

မော်စကို မေ ၂၄

ရုရှားနိုင်ငံ ကျောက်မီးသွေးတွင်းတစ်တွင်း၌ မေ ၂၄ ရက်က မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး အလုပ်သမား ၃၆ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ရုရှားအရေးပေါ် ဆက်သွယ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် ကီမီရိုဗိုအရပ် နိုဗိုကွတ်ဇ်နက်မြို့အနီးရှိ ကျောက်မီးသွေးတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမီသိန်းဓာတ်ငွေ့ပေါက်ကွဲပြီးနောက် အလုပ်သမား ၁၇၈ ဦးအား ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်ပေးခဲ့ရသည်ဟု ဆိုသည်။

တူရကီ၌ မိုင်းပေါက်ကွဲ ခြောက်ဦးသေဆုံး

အစ္စတန်ဘူလ် မေ ၂၄

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ မေ ၂၄ ရက်က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ တူရကီတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် အီရတ်နယ်စပ် ဆာနက်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးပြီဟုယူဆရသော မွေးကင်းစကလေး အသက်ရှင်လျက်တွေ့ရှိ

ကွာလာလမ်ပူ မေ ၂၄

မလေးရှားနိုင်ငံမြောက်ပိုင်း ကီဒက်ချ်ပြည်နယ်တွင် လမစေ့မီ မွေးဖွားသော ကလေးငယ်တစ်ဦးသည် အသက်မရှိဟု ဆရာဝန်များက ပြောကြားပြီးနောက်တွင် အသက်ရှင်လျက်တွေ့ရှိရကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က မေ ၂၁ ရက်တွင် သတင်းဖော်ပြခဲ့သည်။

၎င်းမွေးကင်းစ မိန်းကလေးအား ဖခင်က နေအိမ်သို့ ပြန်သယ်ပြီး သင်္ဂြိုဟ်ရန် ပြင်ဆင်စဉ် ကလေးငယ်မှာ အသက်ရှင် လှုပ်ရှားနေကြောင်း၊ ၎င်းကလေးမှာ လွန်ခဲ့သောတစ်နာရီခန့်က မွေးဖွားခဲ့ပြီး ဂျိထရာဆေးရုံတွင် ရှိနေသည့် ဇနီး ဖြစ်သူထံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း နယူးစထရိတ်တိုင်းမ်က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းဖြစ်ရပ်မျိုး ကြုံဖူးကြမည်မဟုတ်ဟု ယူဆသောကြောင့် ရဲတပ်ဖွဲ့ကို သတင်းပေးရန် စီစဉ်ထားကြောင်း ဖခင်ဖြစ်သူက ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုကလေးမှာ အလေးချိန်ကီလိုဂရမ် ၃၃၀ရှိပြီး အနွေးသေတ္တာထဲတွင် ထည့်၍ ပြုစုစောင့်ရှောက်ထားသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ် ရွာတစ်ရွာ၌ ဆင်ရိုင်းများ တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံး

ဒါကာ မေ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျေးရွာတစ်ရွာအတွင်း မေ ၂၂ရက်က တောဆင်ရိုင်းများ ဝင်ရောက်၍ နေအိမ်များကို နင်းချေဖျက်ဆီးခဲ့ရာ လူနှစ်ဦးသေဆုံးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ တောဆင်ရိုင်း ၁၀ကောင်အုပ်စုသည် မြို့တော်ဒါကာ၏ အရှေ့တောင်ဘက် မိုင် ၂၅၀အကွာ ကော့ဘဇာမြို့အနီး မီမာဟာရီရွာအတွင်း ဝင်ရောက်ကာသီးနှံစိုက်ခင်းများကို ဖျက်ဆီးခြင်း၊ သစ်ပင်များကို ဆွဲလှဲခြင်းနှင့် လူနေဝါးအိမ်များကို ဝင်ရောက်ဖြိုချခြင်းများဖြင့်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နှစ်စဉ် တောဆင်ရိုင်းများ ဝင်ရောက်သောင်းကျန်းခဲ့မှုကြောင့် အနည်းဆုံး၁၅ဦး သေဆုံးကြောင်း မှတ်တမ်းများကဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း၃၄၂၂ဦး ရှိသွားပြီ

ဘဂ္ဂဒက် မေ ၂၄

အမေရိကန်နှင့်အပေါင်းပါတို့ အီရတ်နိုင်ငံသို့စတင်ကျူးကျော် တိုက်ခိုက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှ စတင်၍ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၃၄၂၂ဦးနှင့် ဒဏ်ရာရရှိသူ အရေအတွက်မှာ ၂၅၅၄၉ဦး ရှိသွားပြီ ဖြစ်ကြောင်း မေ ၂၂ ရက်က အင်တာနက် သတင်းတွင် ပါရှိသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၄၉ ဦး၊ အီတလီ တပ်ဖွဲ့ဝင် ၃၃ ဦး၊ ယူကရိန်းတပ်ဖွဲ့ဝင် ၁၈ ဦး၊ ပိုလန်တပ်ဖွဲ့ဝင် ၂၀၊ စပိန်တပ်ဖွဲ့ဝင် ၁၁ ဦး၊ ဒိန်းမတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ဆလိုဗက်ကီးယားတပ်ဖွဲ့ဝင် လေးဦး၊ လတ်ဗီးယားတပ်ဖွဲ့ဝင်သုံးဦး၊ အက်စတိုးနီးယား၊နယ်သာလန်နှင့် ထိုင်းနိုင်ငံတို့မှ တပ်ဖွဲ့ဝင် သုံးဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် ရိုမေးနီးယားနိုင်ငံတို့မှ တပ်ဖွဲ့ဝင်တစ်ဦးစီ သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဖိလစ်ပိုင်နှင့် စပိန် အကျဉ်းသားများ လဲလှယ်မည်

မနီလာ မေ ၂၄

ပြစ်ဒဏ် ချမှတ်ခံထားရပြီးသော အကျဉ်းသားများအနေဖြင့် သူတို့၏ မိသားစုနှင့် နီးကပ်စွာ တွေ့ဆုံနိုင်ခွင့် ရရှိနိုင်ရေးအတွက် ၎င်းတို့၏ မိခင်နိုင်ငံများတွင် ပြစ်ဒဏ်ကျခံစေရန် နှစ်နိုင်ငံ အကျဉ်းသား ဖလှယ်ရေး သဘောတူစာချုပ်တစ်ရပ်ကို ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက မေ ၂၁ရက်၌ ပြောကြားသည်။

လောလောဆယ်တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၁ဦးသည် စပိန်နိုင်ငံတွင် ပြစ်ဒဏ်ကျခံနေရသည်။ အချို့အကျဉ်းသားများသည် ဖခင်ဖြစ်သူမှာစပိန်နိုင်ငံသားဖြစ်ပြီး မိခင်ဖြစ်သူမှာ ဖိလစ်ပိုင်နိုင်ငံသားများ ဖြစ်နေသူများအတွက် သီးခြား စည်းကမ်းသတ်မှတ်ချက်ရှိမည်ဖြစ်သည်။ ထိုသို့သောကိစ္စရပ်များအတွက် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များ သီးခြား ဆွေးနွေးညှိနှိုင်းလုပ်ဆောင်ကြမည်ဖြစ်သည်။

ယခုအခါ ဖိလစ်ပိုင်နှင့် စပိန်တို့ နှစ်နိုင်ငံပြစ်ဒဏ်ကျခံနေရသောအကျဉ်းသားများကို အပြန်အလှန် လဲလှယ်နိုင်ကြတော့မည်ဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စင်ကာပူနိုင်ငံ ရေအောက်ဥမင်လိုဏ်ခေါင်းအတွင်းရှိ ငါးပြတိုက်၌ ကျောင်းသား ကျောင်းသူကလေးများ လေ့လာကြည့်ရှုနေသည်ကို မေ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နှစ်နိုင်ငံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး ဗီယက်နမ်နှင့် ဂျာမနီ သမ္မတတို့ သဘောတူညီ

ဟန္နွိုင်း မေ ၂၄

ဗီယက်နမ်နိုင်ငံသမ္မတ ငုယင်မန်ထရတ်နှင့် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျာမနီသမ္မတ ဟော့ခိုလားတို့က နှစ်နိုင်ငံအနေဖြင့် ပညာရေး၊ စီးပွားရေး ပတ်ဝန်းကျင်ရေးရာနှင့် မူဝါဒရေးရာကိစ္စများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ထို့အပြင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာနှင့် သံတမန်ရေးရာ ကဏ္ဍအားလုံးတွင်လည်း အပြန်အလှန် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ဗီယက်နမ်နှင့် ဂျာမနီနိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ဂျာမနီသမ္မတ ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံသို့ လာရောက်ခြင်းသည် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကိုနက်ရှိုင်းစွာတိုးချဲ့လိုက်ခြင်းပင် ဖြစ်သည်။

ထူထောင်ခဲ့

ထို့အပြင် ၁၉၇၅ခုနှစ်က စတင်ထူထောင်ခဲ့သည့် သံတမန်ဆက်ဆံရေး စတင် ခဲ့ပြီးကတည်းက ဂျာမနီခေါင်းဆောင်တစ်ဦး၏ ပထမဆုံး အလည်အပတ် ခရီးစဉ်လည်းဖြစ်သည်။

ဆွေးနွေး

ဂျာမနီသမ္မတသည် ဗီယက်နမ်ဝန်ကြီးချုပ် နရင်တန်ဒန်နှင့်လည်း တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း စင်ကျန်းဒေသရှိ အဝေးပြေးလမ်းမပေါ်၌ နှင်းမိုးများရွာသွန်းပြီးနောက် ဆီးနှင်းထုကြီးအား ဖယ်ရှားရှင်းလင်းနေသည်ကို မေ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြည်ပကျူးကျော်တပ်များကို ရင်ဆိုင်ရန် အီရန်တပ်များ အသင့်ရှိကြောင်း ကြေညာ

တီဟီရန် မေ ၂၄

မည်သည့်နိုင်ငံခြား ကျူးကျော်မှုကိုမဆို မိမိတို့အီရန်နိုင်ငံ၏ ပိုင်နက်နယ်မြေ မကျူးကျော်နိုင်အောင် ကာကွယ်ရန် လက်နက်ကိုင်တပ်များက အသင့်ရှိကြောင်း အီရန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်မိုဟာမက်ဟူစိန်ဒါဒရပ်က မေ ၂၂ ရက်တွင် ပြောကြားသည်။

မိမိတို့ အီရန်နိုင်ငံ ပိုမိုအင်အားခိုင်မာတောင့်တင်းရေးအတွက် မိမိတို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် အစွမ်းကုန် ပြင်ဆင်ထားကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အီရန်နိုင်ငံတောင်ပိုင်း ဖားပြည်နယ်တွင် စစ်ရေးလေ့ကျင့်မှုများကို မေ ၂၂ရက် နံနက်ပိုင်းကစတင်ကာ သုံးရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ် အနောက်တောင်ပိုင်း၌ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွား

ဂုရန် မေ ၂၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဂွကျို့ပြည်နယ် နန်ယောင်းဒေသတွင် မေ ၂၀ ရက်က ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

နန်ယောင်းဒေသ ဒေါင်းဒီမြို့တွင် မေ ၂၀ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လာကြောင်း၊ ဂျီရှန်းကျေးရွာတွင်လည်း ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရကြောင်း၊ ဆလျူကျေးရွာတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏ ဆဲလ်ဖုန်းသုံးစွဲမှုမှာ ဧပြီလကုန်အထိ ဆဲလ်ဖုန်းအလုံးပေါင်း ၄၈၇သန်း ရှိသွားပြီဖြစ်ရာ မေ ၂၃ရက်က ပေကျင်းမြို့ရှိ ဖုန်းအရောင်းစင်တာတစ်ခု၌ ခင်းကျင်းပြသထားသော ကြီးမားသော ဆဲလ်ဖုန်း တစ်လုံးကို မေ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နှင့် ယူအေအီးတို့

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဒါကာ မေ ၂၄

အာရပ်စော်ဘွားများ ပြည်ထောင်စု ယူအေအီးနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလုပ်သမားများ ပိုမိုကောင်းမွန်သော အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးမည့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာတစ်ရပ်ကို ဘင်္ဂလားဒေ့ရှ်နှင့် ယူအေအီးနိုင်ငံတို့က မေ ၂၁ ရက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးမှုကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဖစ်ခါအာမက် ချောဟူရီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ယူအေအီး အလုပ်သမား ဝန်ကြီး ဒေါက်တာ အလီဘင်အဗ္ဗဒူလာအယ်ခါဘီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြောကြား

ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ် အလုပ်သမားများအနေဖြင့် အခွင့်အရေးများရရှိလာပြီး အလုပ်သမားအေဂျင်စီများကြောင့်ဖြစ်သော ပြဿနာများလည်း ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း ယူအေအီး အလုပ်သမားဝန်ကြီးက ပြောကြားသည်။

တံခါးဖွင့်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကျွမ်းကျင်မှုရှိသော အလုပ်သမားများနှင့် ရိုးရိုးအလုပ်သမားများအတွက် ယူအေအီးနိုင်ငံက အလုပ်လုပ်ကိုင်နိုင်ရေး တံခါးဖွင့်ထားကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယမြောက်ပိုင်း၌ ဗုံးသုံးလုံး ပေါက်ကွဲ

လတ်နောင်း(အိန္ဒိယ) မေ ၂၄

အိန္ဒိယနိုင်ငံမြောက်ပိုင်း မြို့တစ်မြို့၌ မေ ၂၂ ရက်က ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ ငါးဦးဒဏ်ရာရရှိသွားကြောင်း၊ ယင်းမှာ အိန္ဒိယတောင်ပိုင်း ဗလီတစ်ခု၌ ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ပြီး ရက်အနည်းငယ်အတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများသည် ဥတရာပရာဒေ့ရှ်ပြည်နယ် ဂိုရပ်ပါရှိ လူစည်ကားရာဈေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဗုံးများမှာ စက်ဘီးများပေါ်၌ ထမင်းဘူးများအတွင်း ထည့်ထားခဲ့စဉ် အချိန်ကိုက် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပနားမားစီးတီး၌ မီးလောင်မှုဖြစ်ပွား

ပနားမားစီးတီး မေ ၂၄

ပနားမားနိုင်ငံ ပနားမားစီးတီး ဆင်ခြေဖုံးရှိ ကူရမ်ဒီရပ်ကွက်တွင် မေ ၂၁ရက်က ကြီးမားသောမီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦးဒဏ်ရာရပြီး ၃၅၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ကြောင်း အမျိုးသား စည်ပင်သာယာရေးကာကွယ်မှုဌာနမှ အကြီးအကဲ ရောဘတ်တိုဗီလာစကွက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများက ဒဏ်ရာရသူနှစ်ဦးနှင့် အသက်ရှူမွန်းကျပ်သွားသူ မီးသတ်သမားတစ်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ခဲ့ရသည်။ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသူများကို အရေးပေါ်ရွက်ဖျင်တဲများဖြင့် နေရာချထားပေးခဲ့ရပြီး ယင်းဌာန ကျန်းမာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ဆေးဝါးကူညီမှုများပေးမည်ဖြစ်ကြောင်း ဗီလာစကွက်ဇ်က ပြောကြားသည်။

၎င်းက ရှို့မီးဖြစ်နိုင်ကြောင်း တာဝန်ရှိသူများကို အတည်ပြုပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒေသတွင်းနိုင်ငံများ ဇီဝလုံခြုံရေး ကာကွယ်နိုင်ရန် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီတိုက်တွန်း

ကွာလာလမ်ပူ မေ ၂၄

အချို့သော ဇီဝဘေးဒုက္ခအန္တရာယ်များမှ ဒေသအတွင်းရှိ နိုင်ငံများကာကွယ်နိုင်ရန် ဇီဝလုံခြုံရေးအတွက် ဖြစ်နိုင်ချေရှိသည်များကို လေ့လာသိရှိနိုင်ရေး ဆောင်ရွက်သွားရန်စသည့်ကိစ္စရပ်များအား တိုးတက်အောင် လုပ်ဆောင်ကြရေးအာရှတွင် လိုအပ်မှုများဖြစ်ပေါ်လျက်ရှိနေကြောင်း မလေးရှားနိုင်ငံက မေ ၂၁ရက်၌ ပြောကြားသည်။

အာရှ၏ ဇီဝထိန်းသိမ်းရေးနှင့် ဇီဝလုံခြုံရေး ၂၀၀၇ညီလာခံကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မေ ၂၁ ရက်က ဖွင့်လှစ်ခဲ့ရာမလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီက အဖွင့်မိန့်ခွန်း၌ ပြောကြားသည်။

ဖြစ်ပွား

ကြက်ငှက်တုပ်ကွေး အပါအဝင် တိရစ္ဆာန်များနှင့် လူသားများကို ထိခိုက်စေသော ကူးစက်ရောဂါများ ဖြစ်ပွားမှုကို အရှေ့တောင်အာရှ အပါအဝင် အာရှအစိတ်အပိုင်းအချို့တွင် ပြီးခဲ့သည့် ၁၀နှစ်တာ ကာလအတွင်း ဖြစ်ပွားခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ်ဘာဒါဝီက ပြောကြားသည်။

ဆောင်ရွက်

ထို့အပြင် တစ်ကမ္ဘာလုံးတွင် သိပ္ပံနှင့်ဇီဝနည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ဇီဝနည်းပညာရပ်များ နိုင်ငံတကာသို့ အပြန်အလှန်ရောက်ရှိစေရေးတို့ကို ဆောင်ရွက်သွားကြရန် မလေးရှားဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှား သတင်းစာဆရာများ တရုတ်သို့ သွားရောက်လေ့လာမည်

မော်စကို မေ ၂၄

တရုတ်မြို့ကြီးပြကြီးများနှင့် ကျေးလက်ဒေသများနှင့်တကွ ရှောင်လင်ကျောင်းတော်နှင့် ပန်ဒါ၀က်ဝံများကဲ့သို့သော ယဉ်ကျေးမှုနှင့် သဘာဝ စိတ်ဝင်စားစရာများကိုလေ့လာရန် ရုရှားလူထုဆက်သွယ်ရေးဌာန ၁၂ခုမှ သတင်းစာဆရာ ၂၀ခန့်သည် တရုတ်ပြည်သို့ ယခုရက်သတ္တပတ်နောက်ပိုင်းတွင် သွားရောက်လည်ပတ်လေ့လာကြမည်ဟု ဆင်ဟွာကဖော်ပြသည်။

သွားရောက်လေ့လာ

တရုတ်-ရုရှား ချစ်ကြည်ရေး တရုတ်ခရီးအစီအစဉ်ကို မေ ၂၅ ရက်တွင် ပေကျင်းမြို့တော်ရှိ တိန်အန်မင်ရင်ပြင်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ တရုတ်နှင့်ရုရှား သတင်းစာဆရာများသည် တရုတ်နိုင်ငံရှိ ပြည်နယ်၊ မြူနီစီပယ်ဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ၁၅ခုသို့ မော်တော်ယာဉ်များဖြင့် သွားရောက်လေ့လာကြမည် ဖြစ်သည်။

သတင်းစာရှင်းလင်း

ထိုခရီးစဉ်အတွင်း ရုရှားသတင်းစာဆရာများသည် တရုတ်ပြည်အကြောင်း ပိုမိုသိရှိနားလည်နိုင်ရန် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရကြမည်ဖြစ်ကြောင်း အီတာတပ်စ်သတင်းဌာန ညွှန်ကြားရေးမှူး အစ်နာတင်ကိုက မော်စကို၌ကျင်းပမည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျောက်စိမ်းခွက်ကြီး

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ခွက်ကြီးတစ်ခုကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ခင်းကျင်းပြသထားသောကျောက်စိမ်းခွက်ကြီးတစ်ခုမှာ ကျောက်စိမ်းအလေးချိန် ၂ ဒသမ ၂ တန်ရှိပြီး ခွက်အပြင်ဘက်၌ နဂါးရုပ်ကိုးရုပ်ကို လှပစွာ ထွင်းထုထားကြောင်း သိရသည်။ **(အင်တာနက်)**

အစိမ်းရောင်ရှိသော ဖား

ခန္ဓာကိုယ်အစိမ်းရောင်ရှိသော ဖားတစ်ကောင်ကို တွေ့ရစဉ်။
(ဝဲပုံ)

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် တွေ့ရှိရသော ဖားတစ်ကောင်မှာ ခန္ဓာကိုယ်၌ အစိမ်းရောင်များ ဖုံးလွှမ်းလျက်ရှိရာ သုတေသနပညာရှင်များက တောင်ထိပ်များတွင် တွေ့ရတတ်သော အလွန်ရှားပါးသည့် ဖားမျိုးစိတ် ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းဖား၏ အရှည်မှာ ၃ ဒသမ ၅ လက်မရှိကြောင်း သိရသည်။ **(အင်တာနက်)**

အေသင်၌ အေစီမီလန်တို့ ချန်ပီယံလိဂ်ဖလားဆွတ်ခူး ရာသီကုန်၌ ဖလားလက်မဲ့ဖြစ်ခဲ့ရသော အကောင်းဆုံးအရှုံးသမား လီဗာပူး

အင်တာနက်သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ

အေသင် မေ ၂၄

၁၉၅၄ ခုနှစ်ကစတင်ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ်ဘောလုံးပွဲ သမိုင်းတစ်လျှောက်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးဗိုလ်လုပွဲအဖြစ်မှတ်တမ်းတင်ခံခဲ့ရတဲ့ အေစီမီလန်နဲ့ လီဗာပူးတို့ရဲ့ချန်ပီယံလိဂ်ဗိုလ်လုပွဲဟာ ပြိုင်ပွဲမစတင်မီကတည်းက ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ စိတ်အာရုံကို လွှမ်းမိုးထားနိုင်ခဲ့ပါတယ်။

ငါးကြိမ်ရရှိ

ဒါကလည်း ဒီနှစ် ဗိုလ်လုပွဲတက်ရောက်လာခဲ့တဲ့ အသင်းနှစ်သင်းမှာ အေစီမီလန်က ချန်ပီယံလိဂ်ဖလားခြောက်ကြိမ်ရရှိထားတဲ့ အသင်းဖြစ်သလို လီဗာပူးကလည်း ချန်ပီယံလိဂ်ဖလား ငါးကြိမ်ရရှိထားတဲ့အသင်းတွေဖြစ် နေကြလို့ပါပဲ။

စိတ်ဝင်စား

နောက်ပြီး ဒီနှစ်သင်းဟာ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်က အစ္စတန်ဘူလ် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့ကြတဲ့ ပြိုင်ဘက်ဟောင်းတွေဖြစ်တဲ့အပြင် သုံးဂိုးပြတ်အနိုင်ရရှိပြီး ဦးဆောင်နေတဲ့ အေစီမီလန်ကို နောက်ကလိုက်ပြီး ချေပဂိုးတွေ ဆက်တိုက်သွင်းပြီး ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ရအောင်ယူသွားတဲ့ လီဗာပူးတို့ ဒီနှစ်မှာလည်း ဘယ်လိုပဋိလက်နည်းတွေနဲ့ ပြိုင်ပွဲရလဒ်ကို ပြောင်းလဲအောင်လုပ်ဆောင် သွားမလဲဆိုတာလည်း ပရိသတ် စိတ်ဝင်စားစရာအချက် ဖြစ်နေပါတယ်။

အာရုံရောက်

ဒါကြောင့် ကမ္ဘာ့မီဒီယာတွေရဲ့ ဝေဖန်သုံးသပ်မှုတွေနဲ့ သတင်းဖော်ပြမှုတွေအပြင် နှစ်ဖက်အသင်းနည်းပြတွေရဲ့ စကားစစ်ထိုးမှုတွေကိုပါမကျန်အောင် ဖော်ပြခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေဟာ ဂရိနိုင်ငံ အေသင်မြို့အိုလံပစ်အားကစားကွင်းကြီးမှာ ယှဉ်ပြိုင်ကစားကြမယ့် ဒီချန်ပီယံလိဂ်ဗိုလ်လုပွဲကိုသာ စိတ်အာရုံ ရောက်နေကြပါတော့တယ်။

ပြောကြား

ဒီပွဲမစတင်မီ အေသင်အိုလံပစ်ကစားကွင်းထဲမဝင်မီအချိန်မှာ အေစီမီလန်နည်းပြ အန်ဆယ်လော့တီက **“အနိုင်ရတာလိုချင်တယ်”**လို့ ပြတ်သားတဲ့စကားကို အေစီမီလန်ဘောလုံးသမားတွေရှေ့မှာ တိုတိုပြတ်ပြတ်ပဲ ပြောကြားခဲ့ပြီး ကွင်းထဲဝင်ခိုင်းခဲ့ပါတယ်။

အင်အားမြှင့်တင်

ဒီလိုပါပဲ လီဗာပူးအသင်းနည်းပြဘင်နီတက်ဇ်ကလည်း လီဗာပူးအသင်းသားတွေကို **“၂၀၀၅ ခုနှစ် အောင်ပွဲစိတ်ဓာတ်အတိုင်း ကစားကြလို့”** လီဗာပူးတိုက်စစ်မှူး ပီတာခရောက်ချ်အားရပ်ပြီး စိတ်ဓာတ်အင်အားမြှင့်တင်ပေးခဲ့ပါတယ်။

စံချိန်တင်

ဒီပွဲကို အေသင် အိုလံပစ်အားကစားကွင်းကြီးရဲ့ ပုံမှန်ပရိသတ် ၇၀၀၀၀ ကြည့်ရှုနိုင်တဲ့ အနေအထားကို ကျော်လွန်ပြီး ပရိသတ် ၇၂၀၀၀ လောက် လာရောက်အားပေးကြည့်ရှုခဲ့တာမို့ အေသင် အိုလံပစ်အားကစားကွင်းသမိုင်းမှာတော့ ပရိသတ်အများဆုံးအဖြစ် စံချိန်တင်ခဲ့တဲ့ပွဲလည်းဖြစ်ခဲ့ပါတယ်။

ဒီပွဲမှာ အေစီမီလန်တို့က ဂိုး–ဒီဒါ၊ နောက်ခံလူတွေအဖြစ် အော့ဒိုး၊

၂၀၀၅ ခုနှစ်က ရှုံးကြွေးကိုဆပ်၍ အေစီမီလန်တို့ ချန်ပီယံလိဂ်ဖလားကို ဤသို့ ကိုင်မြှောက်နိုင်ခဲ့ပြီ။ (ဓာတ်ပုံ–အင်တာနက်)

နက်စတာ၊ မာလ်ဒီနီနဲ့ ဂျန်ကူလော့စကီ တို့သုံးထားပြီး အလယ်တန်းမှာ ဂတ်တူဆို၊ ပီယာလို၊ အမ်ဘရိုစီနဲ့ ဆီးဒေါ့ဖ်တို့ပါဝင်သလို တိုက်စစ်မှူးတွေအဖြစ် ကာကာနဲ့ အင်ဇာဂီတို့ကို ထုတ်သုံးခဲ့ပါတယ်။ အေစီမီလန်က ဘရိုချီ၊ ဆာဂျင်ဟို၊ ကာဖူးနဲ့ ကာလက်တို့ အရန်ထားခဲ့ပေမယ့် ထည့်မသုံးခဲ့ပါဘူး။

အပြည့်ထား

လီဗာပူးကတော့ ဂိုးသမားရေးနာ၊ နောက်တန်း ဖန်နန်၊ ကာရစ်ကာ၊ အက်ဂါ၊ ရီဆီ၊ အလယ်တန်းမှာ အလွန်ဆို၊ ပင်နန့်၊ မက်ချာရာနို၊ ဇန်ဒန်းနဲ့ ဂျရတ်တို့ အပြည့်ထားပြီး တိုက်စစ်မှာ ကွတ် တစ်ဦးတည်း ထားရှိခဲ့ပါတယ်။

ရှုံးနိမ့်ခဲ့

အေစီမီလန်တို့ဟာ ကစားကွက်ကိုထိန်းသိမ်းကစားသွားနိုင်ခဲ့ပြီး တစ်ဦးချင်း နားလည်မှုနဲ့အချိတ်အဆက်မိမိလည်းကစားနိုင်ခဲ့ပါတယ်။ လီဗာပူးတို့ကတော့ အေစီမီလန်ဘက်ကို အကွက်စေ့စေ့နဲ့ ထိုးဖောက်ကစားနိုင်ခဲ့ပေမယ့် ရှေ့တန်းတိုက်စစ်ဟာ အဆုံးသတ်အားနည်းခဲ့လို့ အခုလိုရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါတယ်။

အေစီမီလန် ဘောလုံးသမားတွေက နည်းစနစ်ပိုင်းမှာ သာလွန်တာကတော့ ငြင်းမရတဲ့ အချက်ပါပဲ။ ဒါပေမယ့် ကြိုးစားမှုကောင်းတဲ့ လီဗာပူးတို့က ဂိုးသွင်းခွင့် ၁၇ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ပေမယ့် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။

သွင်းယူပေး

အေစီမီလန်တို့ကတော့ လီဗာပူးရဲ့နောက်တန်းကို ခုနှစ်ကြိမ်ကျော်ဖြတ်ဂိုးသွင်းခွင့်ရရှိပြီး အပိုင်ဂိုးသွင်းခွင့်သုံးကြိမ်ရရှိခဲ့ရာက နှစ်ဂိုးသွင်းယူနိုင်ခဲ့တာပါပဲ ဖြစ်ပါတယ်။ အေစီမီလန်ရဲ့ပထမဂိုးက အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီက ပထမပိုင်း ပွဲချိန်အပြီး လေလွင့်ချိန်ထပ်ပေးတဲ့အချိန်အတွင်းမှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လွဲချော်

လီဗာပူးတို့ ချေပဂိုးရနိုင်တဲ့ အခွင့်အရေးတစ်ရပ် ဂျရတ်ရရှိပေမယ့်လည်း လွဲချော်ခဲ့တာကြောင့် အခွင့်အရေးတစ်ရပ်ဆုံးရှုံးခဲ့ရပါတယ်။ အေစီမီလန်ရဲ့ ဒုတိယဂိုးကို ဒုတိယပိုင်းပွဲချိန် ၈၂မိနစ်မှာ အင်ဇာဂီကပဲ သွင်းယူသွားခဲ့တာပါပဲ။

အနိုင်ရ

လီဗာပူးဟာ ၇၈မိနစ်မှာ မက်ချီရာနိုအစား ပီတာခရောက်ချ်ကို ထည့်ကစားခဲ့သလို ၅၅မိနစ်မှာလည်း ဇင်ဒန်းအစား ကီးဝဲလ်ကိုထည့်ကစားခဲ့ပေမယ့် ရလဒ်မပြောင်းလဲနိုင်ဘဲ ဖြစ်နေရာမှ ပွဲချိန် ၈၉မိနစ်မှ တိုက်စစ်မှူး ကွတ်က ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် ပွဲပြီးချိန်မှာတော့ နှစ်ဂိုး–တစ်ဂိုးနဲ့အေစီမီလန်တို့ အနိုင်ရရှိသွားပါတယ်။

အောင်ပွဲခံ

အေစီမီလန်တို့ ခုနစ်ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရရှိခဲ့လို့ အေစီမီလန်အသင်း ပရိသတ်တွေ ဝမ်းသာလွန်းလို့ မျက်ရည်ကျခဲ့တဲ့အထိဖြစ်ခဲ့ရပြီ မီလန်မြို့မှာတော့ မေ ၂၃ရက် တစ်ညလုံး အောင်ပွဲခံနေတော့တာပါပဲ။

အောင်မြင်မှုရရှိ

ဒီပွဲအပြီးမှာ အေစီမီလန်အသင်း နည်းပြအန်ဆယ်လော့တီက **“ဒီအောင်ပွဲကတော့ အင်မတန်ကြီးကျယ်တဲ့ အောင်ပွဲပါပဲ။ ဒီပွဲဟာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးတဲ့ပွဲပါ။ အောင်မြင်မှုရမှ ဖြစ်မယ့်ပွဲဆိုတော့ ဘယ်လိုနည်းနဲ့မှ အရှုံးမခံနိုင်တဲ့ပွဲပါပဲ။ အခုတော့ကျွန်တော်တို့ မျှော်မှန်းထားသလို အောင်မြင်မှု ရရှိခဲ့ပါပြီ”**ဟု ပြောကြားခဲ့ပါတယ်။

ဆုဖလားရယူ

အန်ဆယ်လော့တီဟာ ချန်ပီယံလိဂ်ဖလားကို နည်းပြအဖြစ်နဲ့ ၂၀၀၃ ခုနှစ်က တစ်ကြိမ်နဲ့ အခုတစ်ကြိမ် အေစီမီလန်အသင်းနဲ့ အတူရရှိခဲ့သလို ဘောလုံးသမားအဖြစ်နဲ့လည်း ၁၉၈၉ ခုနှစ်နဲ့ ၁၉၉၀ပြည့်နှစ်တွေမှာ ချန်ပီယံလိဂ် ဆုဖလားကိုရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

အခုလို အောင်မြင်မှုရရှိခဲ့တာနဲ့ ပတ်သက်ပြီးလည်း သူက **“အခုလို အောင်ပွဲရရှိခဲ့တာဟာ ကျွန်တော်နဲ့ အေစီမီလန်ကလပ်ရဲ့ ဆက်ဆံရေးဟာ**

အင်မတန်ကြီးမြတ်တဲ့ အောင်ပွဲပါပဲ။ အန်ဆယ်လော့တီ အေစီမီလန်နည်းပြ။ **(ဓာတ်ပုံ–အင်တာနက်)**

ရေရှည်ခိုင်မြဲသွားဖို့ အဓိက အချက်ဖြစ်စေခဲ့ပါတယ်”ဟုလည်း အန်ဆယ်လော့တီက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် **“လီဗာပူးအသင်းရဲ့ ပထမပိုင်းတိုက်စစ်ဆင်ကစားမှုက အရမ်းကောင်းပါတယ်။ ကျွန်တော့် လူတွေ ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့ရတယ်။ ကာကာနဲ့ ဆီးဒေါ့ဖ်တို့လည်း ပထမပိုင်းပွဲချိန်မှာ သိပ်မလှုပ်ရှားနိုင်ခဲ့ဘူး၊ ဒါပေမယ့် ဒီပွဲကို ကျွန်တော်တို့နိုင်အောင်ကစားနိုင်ခဲ့ပါတယ်”**ဟုအန်ဆယ်လော့တီက ပြောကြားခဲ့ပါတယ်။

ဖိဖိစီးစီးကစား

ဒီလိုပါပဲ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကလည်းပွဲအပြီးမှာ **“ကျွန်တော့်အနေနဲ့ ဒီပွဲရလဒ်အပေါ် ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် ကွတ်ရဲ့ချေပဂိုးရပြီး နောက်ပိုင်းမှာ နောက်ထပ်တစ်ဂိုးထပ်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့သေးတယ်။ ဒါပေမယ့် ဂိုးမရခဲ့လို့ ဒီရလဒ်ကို ကျေနပ်စွာနဲ့ လက်ခံပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့အခွင့်အရေးတွေ အများကြီးရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အေစီမီလန်အပေါ် ကျွန်တော်တို့ ဖိဖိစီးစီးကစားနိုင်ခဲ့တာတော့ အမှန်ပါပဲ”** လို့ ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ အခွင့်အရေးတွေ အများကြီးရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး၊ အေစီမီလန်အပေါ် ဖိဖိစီးစီးကစားနိုင်ခဲ့တာတော့ အမှန်ပါပဲ။ ဘင်နီတက်ဇ် လီဗာပူးနည်းပြ။ **(ဓာတ်ပုံ–အင်တာနက်)**

စွမ်းဆောင်ပေး

ဒါ့အပြင် ပြိုင်ဘက်အေစီမီလန်အသင်းနဲ့ ပတ်သက်ပြီးလည်း “အေစီမီလန်မှာ တကယ် အရည်အချင်းရှိတဲ့ ဘောလုံးသမားတွေက ဒီပွဲနိုင်အောင် အဓိက စွမ်းဆောင်ပေးနိုင်ခဲ့တာပါ။ အေစီမီလန်အသင်း ကစားပုံ ကောင်းပါတယ်” လို့လည်း ဘင်နီတက်ဇ်က ပြောကြားခဲ့ပါတယ်။

အသိအမှတ်ပြု

အခုပွဲမှာရှုံးပြီး ချန်ပီယံလိဂ်ဖလားမရရှိခဲ့ပေမယ့် ဘင်နီတက်ဇ်ဟာ သုံးရာသီအတွင်းမှာ လီဗာပူးအသင်းကို ချန်ပီယံလိဂ် ဗိုလ်လုပွဲကို နှစ်ကြိမ် အရောက်ပို့ဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြအဖြစ် မှတ်တမ်းတင်ရမှာပဲဖြစ်ပါတယ်။ ဘင်နီတက်ဇ်ကို လီဗာပူးအသင်းက အမှုဆောင်လူကြီးတွေကတော့ တကယ့်ကို ထူးခြားတဲ့ နည်းပြတစ်ဦးဆိုတာ ပြောကြားပြီး ချီးကျူးနေပါတယ်။ လီဗာပူးအသင်း အခုလို ဗိုလ်လုပွဲရောက်အောင် ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရတာကိုတော့ သူတို့အသိအမှတ်ပြုထားပါတယ်။

မလုပ်ဆောင်နိုင်

ဒါပေမယ့် ဒီချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ အေစီမီလန်ကို အားပေးခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်ရဲ့ဆန္ဒအောင် မြင်သွားမှုကို ဘင်နီတက်ဇ်က **“ဖာဂူဆန်ဟာ နည်းပြတစ်ဦးဖြစ်ပေမယ့် သူလဲ လူသားတစ်ဦးမို့ ကြိုက်နှစ်သက်တဲ့အသင်းကို အားပေးလို့ ရပါတယ်။ ဒါပေမယ့် သူတို့ အပြန်အလှန် လဲလှယ်ခဲ့ကြတဲ့ ပုလင်းတွေကို ဝမ်းနည်းကြေကွဲစိတ်နဲ့ ဖောက်ဖြစ်အောင် ကျွန်တော်တို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး”**ဟုကြေကွဲစွာ ပြောကြားသွားခဲ့ပါတယ်။

အရေးကြီး

အခုကစားခဲ့တဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲဟာ အေစီမီလန်ရော လီဗာပူးအသင်းပါ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာ ဖလားတစ်လုံးမှ မရသေးတာမို့ ဒီပွဲဟာသူတို့ရဲ့ နောက်ဆုံးမျှော်လင့်စရာ ဖလားဖြစ်သလို ဂုဏ်သိက္ခာအမြင့်မားဆုံးလည်း ဖြစ်နေတာမို့ နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ ပွဲဖြစ်ခဲ့ပါတယ်။

တင်စား

အခုတော့ အေစီမီလန်တို့က နောက်ဆုံးပိတ် အဖိုးတန်ချန်ပီယံဖလားရရှိသွားခဲ့ပြီမို့ လီဗာပူးဟာ ဒီနှစ် ဘောလုံးရာသီမှာတော့ အမြင့်ဆုံး ချန်ပီယံလိဂ်ဖလားအတွက်နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်ကစားနိုင်ခဲ့ပေမယ့် လက်ကျန်စာရင်းပိတ်မှာ ဖလားတစ်လုံးမှ လက်ဝယ်မရရှိနိုင်ခဲ့တာမို့ အကောင်းဆုံးအရှုံးသမားအဖြစ် တင်စားရမှာဖြစ်ပါတယ်။

(ကိုးကား–အင်တာနက်)

ချန်ပီယံလိဂ် ချန်ပီယံတို့ အောင်ပွဲ

အောင်ပွဲ

ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်၍အောင်ပွဲခံခဲ့ကြသော အေစီမီလန် အသင်းသားများ။ (ဓာတ်ပုံ-အင်တာနက်)

ပျော်မြူး

ပွဲအပြီး အေစီမီလန်တို့ ပျော်မြူးနေကြသည်မှာ …။

(ဓာတ်ပုံ-အင်တာနက်)

အကြိတ်အနယ်

အေစီမီလန်နှင့် လီဗာပူးတို့ ဤသို့အကြိတ်အနယ် ဖလားလုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အောင်ပွဲခံ

ဝါရင့် နောက်တန်းခံစစ်မှူး ကာဖူး၏ ဖလားမြှောက် အောင်ပွဲခံနေပုံမြင်ကွင်း။

(ဓာတ်ပုံ-အင်တာနက်)

သဲသဲမဲမဲ အားပေးနေကြသော အေစီမီလန်ပရိသတ်အချို့။

(ဓာတ်ပုံ-အင်တာနက်)

ပထမဂိုး

အေစီမီလန်အတွက် ပထမဂိုးကို တိုက်စစ်မှူး အင်ဇာဂီက အလွတ်ကန်ဘောမှ တစ်ဆင့် ဤသို့ သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာတိုက်စစ်မှူး အီတိုး အသင်းမပြောင်းလိုကြောင်း ပြောကြား

မက်ဒရစ် မေ ၂၄

ဘာစီလိုနာတိုက်စစ်မှူး အီတိုးက ၎င်းအနေဖြင့် ဘာစီလိုနာအသင်း၌သာ ကစားလိုကြောင်း၊ ပရီမီယာလိဂ်သို့ မပြောင်းရွှေ့လိုကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။

ဖော်ပြ

အသက် (၂၆) နှစ်ရှိ ကင်မရွန်း ကစားသမား အီတိုးသည် ယခုနှစ် နွေရာသီတွင် လီဗာပူးသို့ ပြောင်းရွှေ့နိုင်ကြောင်း သတင်းစာများက ရေးသား ဖော်ပြကြသည်ဟု ဆိုသည်။

မိမိသည် ထိုသတင်းကို မကြားလိုကြောင်း၊ ယင်းကိစ္စမှာ ထင်ကြေးပေးမှုများသာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စာချုပ်ထား

၎င်းအနေဖြင့် ဘာစီလိုနာအသင်း၌သာ ပျော်ရွှင်ကြောင်း၊ လာမည့်ရာသီတွင်လည်း မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း၊ သတင်းဆိုတာ သူတို့လိုတာ ရေးနိုင်သလို မိမိကလည်း ဘာစီလိုနာ၌သာနေရန် ပြောဆိုလိုကြောင်း ၎င်းက ပြောဆိုသည်။ အီတိုးသည် ဘာစီလိုနာအသင်းနှင့် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။

(အင်တာနက်)

အီတိုး

ဘာစီလိုနာ တိုက်စစ်မှူး အီတိုး။

(ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

အင်တာနက် အားကစားသတင်း အတိုအထွာ

* နယူးကာဆယ် တောင်ပံကစားသမား ဒါမီယင်ဒပ်ဖ်သည် ဧပြီလက ခြေထောက်ဒဏ်ရာရခဲ့သဖြင့် နို၀င်ဘာလ မတိုင်မီ အသင်းသို့ ပြန်လာနိုင်မည်မဟုတ်ကြောင်း၊ ၎င်းသည် အိုင်ယာလန်အသင်း၏ ယူရို ၂၀၀၈ ခြေစစ်ပွဲနှင့်လည်း လွဲမည်ဖြစ်ကြောင်း အိုင်ယာလန်နည်းပြ စတီဗင်စထရွန်တွန်က ပြောကြားသည်။

* အာဆင်နယ်အသင်းမှ လူငယ်ကစားသမား နစ်ကလော့သည် အသင်းနှင့် ငါးနှစ်စာချုပ် လက်မှတ်ရေးထိုးလိုက်သည်။

* အာရှဘောလုံးအဖွဲ့ချုပ်အကြီးအကဲ မိုဟာမက်ဘင်ဟာမန်က အာရှဖလားပြိုင်ပွဲနှင့် ရှောင်လွှဲနိုင်ရန် မန်ယူအသင်းအား ဇူလိုင် ၂၇ရက်တွင် မလေးရှားသို့ လာရောက်ကစားမည့် အစီအစဉ်ကို ပြန်လည်စီစဉ်ပေးနိုင်မလားဟု မေးမြန်းလိုက်သည်။

* နယူးကာဆယ်အသင်းကို စီးပွားရေးသမား သန်းကြွယ်သူဌေး မိုက်အက်ရှ်လေက ဒေါ်လာ ၂၆၃ သန်းဖြင့် ဝယ်ယူရန် စကားကမ်းလှမ်းထားကြောင်း သိရသည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် ဗိုလ်စွဲသည့်အသင်း ဆုကြေးငွေ ယူရိုသန်း ၁၀၀ ရရှိဖွယ်

အေသင် မေ ၂၄

ချန်ပီယံလိဂ် ဗိုလ်လုပွဲကို မေ ၂၃ ရက်ညက ဂရိနိုင်ငံ အေသင်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်ရာ အနိုင်ရသည့်အသင်းသည် ယူရိုသန်း ၁၀၀ထက်မနည်း ရရှိနိုင်ကြောင်း၊ ယင်းမှာ ပြိုင်ပွဲကို တာဝန်ယူကျင်းပခွင့်နှင့် ရုပ်မြင်သံကြားပြသခွင့် ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ကစားသမားများ၏ တန်ဖိုးနှင့် လက်မှတ်ဈေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့်ဖြစ်ကြောင်း နိုင်ငံတကာ လေ့လာရေးအဖွဲ့တစ်ဖွဲ့က သုံးသပ်တင်ပြထားသည်။

ဆန်းစစ်လေ့လာ

အဆိုပါဆန်းစစ်လေ့လာမှုကို ချန်ပီယံလိဂ်ပြိုင်ပွဲ စပွန်ဆာပြုလုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော မာစတာကတ်က ဦးဆောင်၍ လေ့လာသုံးသပ်တင်ပြထားခြင်းဖြစ်သည်။

ခန့်မှန်း

လီဗာပူးအသင်းသည် ၂၀၀၅ ခုနှစ်က အေစီမီလန်အသင်းကို အနိုင်ရခဲ့စဉ်က ယူရိုသန်း ၇၀ ရရှိနိုင်ကြောင်း၊ ၂၀၀၄ ခုနှစ်က ပေါ်တိုအသင်းသည် ယူရို ၁၂ သန်း ရရှိနိုင်ကြောင်း အဆိုပါအဖွဲ့က ခန့်မှန်းတင်ပြထားသည်။

ပုံအောပေး

ဥရောပထိပ်တန်းကလပ်များသည် မကြာသေးသည့်နှစ်များက ကစားသမားများ၏ ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာများ ပုံအောပေးလာသဖြင့် ရရှိမည့်ဆုကြေးငွေကိုလည်း သက်ဆိုင်ရာက ယင်းကုန်ကျစရိတ်များ ကာမိစေရန် တိုးမြှင့်ပေးလာလျက်ရှိခြင်းကြောင့် ယခုနှစ်ဗိုလ်စွဲသည့်အသင်းသည် ယူရိုသန်း ၁၀၀ အထိ ရရှိနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ (အင်တာနက်)

အညာဒေသတစ်ခွင် ဆည်ရေဖြိုး၍ ကျေးလက်ပြည်သူတို့ ဝင်ငွေတိုး

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသများမှာ မိုးနည်းရပ်ဝန်းဖြစ်သည့်အတွက် ရေလှောင်တမံ၊ ဆည်နှင့် ကန်များရှိသော နေရာဒေသများမှလွဲလျှင် ကျန်ဒေသများ၌ မိုးသီးနှံစိုက်ပျိုးရေးအတွက်ပင် ရေနည်းပါးခဲ့သည်။

စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်မှုမရှိခြင်းကြောင့် မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ဂန့်ဂေါခရိုင်တို့တွင် ဒေသစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေနှင့် သောက်သုံးရေ အဆက်မပြတ်ရရှိရေးအတွက် နိုင်ငံတော်က ရေလှောင်တမံ ရေလွှဲဆည်စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိပေသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် အနောက်တောင် မုတ်သုံလေ ဝင်ရောက်ရာ လမ်းကြောင်းတွင် မြင့်မားသော ရခိုင်ရိုးမတောင်တန်းကြီးများ တားဆီးနေသည့်အတွက် မိုးကွယ်ရာအရပ်ဖြစ်ခြင်းကြောင့် နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၂၅ လက်မခန့်သာရရှိပြီး မိုးရွာသွန်းမှုသည် ရက် ၃၀ မှ ရက် ၅၀ ခန့်သာ ရှိခဲ့သည်။

မိုးတွင်းကာလ၌ အချိန်တိုအတွင်း တစ်ရှိန်ထိုး ရွာသွန်းလေ့ရှိခြင်းကြောင့် မြေပြင်အတွင်း စိမ့်ဝင်မှုနည်းပြီး မြေပြင်ပေါ် ရေစီးဆင်းမှု များခြင်းကြောင့် အပေါ်ယံမြေဆီလွှာများ တိုက်စားပြီး မြစ်ချောင်းများ အတွင်း မျောပါဆုံးရှုံးလေ့ ရှိခဲ့သည်။ မျက်မှောက်ခေတ်တွင် ရေလှောင်တမံ၊ ဆည်နှင့်ကန်များကို ဒေသအနှံ့ တည်ဆောက်ပေးပြီး ရေများသိုလှောင် ထိန်းသိမ်း၍ ရေပေးဝေခြင်းအားဖြင့် မြေဆီလွှာတိုက်စားမှုများ လျော့နည်း စေလျက် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်၏ လက်ရှိအသားတင် စိုက်ပျိုးမြေဧက ၂၅သန်းဝန်းကျင်ရှိ နေရာမှ ထပ်မံ၍ တိုးချဲ့စိုက်ပျိုးနိုင်မည့် ဧရိယာဧက သန်း၂၀ကို မြေယာ ဖော်ထုတ်မှုလုပ်ငန်းများနှင့် စီမံလုပ်ကိုင်နေသည်။ မြန်မာနိုင်ငံ၏ ရေသယံဇာတ ဧကပေသန်း ၈၇၀ ကျော် ရှိသည့်အနက် ရေဧကပေ သန်း ၃၀ ဝန်းကျင်သာ သုံးစွဲရသေးသောကြောင့် ဆည်မြောင်းစီမံကိန်းကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ဆောင်ရွက်အကောင်အထည်ဖော်ပေးလျက် ရှိသည်။

မိမိငယ်စဉ်က စာသင်ယူခဲ့ရသည့် ကုက္ကိုခွရွာနှင့် မနီးမဝေးတွင်ရှိပြီး မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ တောင်ဘက် ၄ ဒသမ ၅ မိုင်အကွာတွင် တည်ရှိသော တူးမြောင်းအလျား ၆၃ မိုင်ရှိသည့် ရန်ပယ်ချောင်း ရေလှောင်တမံကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းတွင် ရေရရှိရေး အစီအမံများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မှုကြောင့် နိုင်ငံ၏ ရေသွင်းစိုက်ပျိုးသော သီးထပ် ဧရိယာများ တိုးတက်လာသကဲ့သို့ ရေသွင်းစိုက်ပျိုးမှု ရာခိုင်နှုန်းသည် တိုးတက်လာခဲ့ပြီ ဖြစ်သည်။

၁၉၉၅ခုနှစ် အောက်တိုဘာလအတွင်း၌ နတ်မောက်မြို့နယ် နတ်မောက် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

> **"ဤဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးမမှန်သဖြင့် တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရသည့် ဒေသဖြစ်ကြောင်း၊ ဝမ်းရေးအတွက် စပါးဖူလုံအောင် မစိုက်ပျိုးနိုင်သဖြင့် အခြားဒေသများကို မှီခိုအားထားနေရသည့် ဒေသလည်း ဖြစ်ကြောင်း"**
>
> **"လူ့ဘဝ၏ အခြေခံလိုအပ်ချက်များ၌ စားနပ်ရိက္ခာ ဖူလုံရေးသည် အဓိက အခြေခံလိုအပ်ချက်ဖြစ်ရာ မိုးရေကိုမျှော်၍ မရေမရာ ပင်ပန်းကြီးစွာ စိုက်ပျိုးလုပ်ကိုင်နေရသည့် တောင်သူလယ်သမားများ ရေရေရာရာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ဘဝရောက်ရှိရေး၊ ဒေသ ဆန်ဖူလုံစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာရေး၊ သားစဉ်မြေးဆက် ကောင်းစားရေးစသည့် မှန်ကန်သော စေတနာများဖြင့် မိမိတို့သည် ဤဒေသ၌ ရေရရှိရေးအတွက် အထူးစီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ ယခု နတ်မောက်ရေလှောင်တမံ တစ်ခုတည်းသာမက ဤဒေသ၌ တည်ရှိသော ချောင်း၊ မြောင်းများကို လေ့လာ၍ ရေရနိုင်သမျှ စုဆောင်းနိုင်အောင် ကြိုးစားနေကြောင်း ဆည်တစ်ခုတည်းသာမက ဆည်အစုအဖွဲ့အဖြစ် တည်ရှိလာအောင် စီမံချက်ချ ဆောင်ရွက်နေကြောင်း"**

မိန့်ကြားခဲ့သည်ကို မှတ်သားမိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ အထက်ပါ မိန့်မှာချက်အတိုင်း တာဝန်ရှိသူများက ဆည်အစုအဖွဲ့များ ဖြစ်တည်အောင် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်များမှာ အားရကျေနပ်ဖွယ် ဖြစ်ပါသည်။

မကွေးတိုင်း အရှေ့ခြမ်းဒေသရှိ ဆည်အစုအဖွဲ့တွင် ရန်ပယ်ရေလှောင်တမံ အပါအဝင် ရေလှောင်တမံ ခြောက်ခု တည်ဆောက်ပြီးစီးပြီးနောက် လယ်မြေဧက ၇၀၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်လျက်ရှိသည်။

သီးနှံများ အထွက်တိုးစေပြီး လယ်ယာကဏ္ဍ တိုးတက်မြင့်မားရန် အတွက် ရေသယံဇာတများကို ထိရောက်စွာအသုံးချ၍ ရေသွင်းစိုက်ပျိုးနိုင်ရန် ဆည်မြောင်းစီမံကိန်းများကို ဦးစားပေးတည်ဆောက် အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။

စိုင်းသိန်း (ကျိုင်းတုံ)

ထိုကဲ့သို့ ဆည်မြောင်းလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနအနေဖြင့် စူးစမ်းလေ့လာမှုများပြုလုပ်၍ ဖြစ်မြောက်နိုင်စွမ်းရှိသည့် စီမံကိန်းများကို တင်ပြအကောင်ထည်ဖော်လျက် ရှိသည်။

ယင်းမြစ်ဝှမ်း ဖွံ့ဖြိုးမှုအတွက် ယင်းမြစ်ဝှမ်းဒေသအတွင်း၌ နတ်မောက် ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ စွန်ချောင်းရေလှောင်တမံ၊ ငမင် ရေလှောင်တမံ၊ ယင်းမလည်ရေလှောင်တမံ၊ ဘန်းကုန်းရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

မကွေးတိုင်း အရှေ့ဘက်ခြမ်းဒေသများ စိမ်းလန်းစိုပြည်စေရန် တည်ဆောက်ဖွင့်လှစ်ပြီးသော ဆဒ္ဒန်ရေလှောင်တမံကိုလည်း တွေ့ရှိခဲ့ရသည်။ မကွေးတိုင်း မြို့သစ်မြို့နယ် ထနောင်းကွင်းကျေးရွာအထက် တစ်မိုင်ခန့် အကွာ ဆဒ္ဒန်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ ဆဒ္ဒန်ချောင်းသည် အလယ်ရိုးမမှ စတင်စီးဆင်းလာ၍ တောင်တွင်းကြီးမြို့နယ် အစပ် တစ်လျှောက် စီးဆင်းလာပြီးနောက် "ယင်းချောင်း"ထဲသို့ စီးဝင်သည်။

မကွေးတိုင်း အရှေ့ခြမ်းဆည်အစုအဖွဲ့တွင် နတ်မောက်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ခဲ့၍ မြို့သစ်မြို့နယ်၌ ဧက ၃၅၀၀၀ နှင့် နတ်မောက် မြို့နယ်တွင် ဧက ၁၀၀၀ ကို စိုက်ပျိုးရေပေးဝေနေပြီ ဖြစ်သည်။ ကင်ပွန်းတောင် ရေလှောင်တမံကိုလည်း တည်ဆောက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်တွင် ဧက ၅၀၀၀ကို စိုက်ပျိုးရေပေးဝေနေပြီ ဖြစ်သည်။ ဘန်းကုန်းရေလှောင် တမံကို ဆက်လက်တည်ဆောက်နိုင်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်တွင် ဧက ၂၀၀၀ ရေပေးဝေလျက် ရှိသည်။

ဆက်လက်၍ မကွေးတိုင်း အရှေ့ဘက်ခြမ်း ဆည်အစုအဖွဲ့များ တည်ဆောက်ခဲ့ရာ ငမင်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ်တွင် ဧက ၁၅၀၀၊ ထို့နောက် ပုလင်းရေလှောင်တမံ ပြီးစီးခဲ့၍ မြို့သစ်မြို့နယ်တွင် ဧက ၄၄၀၀၊ ဆက်လက်၍ ရန်ပယ် ရေလှောင်တမံ တည်ဆောက်ပြီးစီးခဲ့သည့် တောင်တွင်းကြီးမြို့နယ်တွင် ဧက ၄၀၀၀ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဘွက်ကြီးရေလှောင်တမံကို ဖွင့်လှစ်နိုင်ခဲ့၍ အောင်လံမြို့နယ်တွင် ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပြီ ဖြစ်သည်။

မကွေးတိုင်း အောင်လံမြို့နယ်တွင်လည်း ဧက ၄၀၀၀ ကို စိုက်ပျိုးရေ ပေးဝေမည့် ပဒဲရေလှောင်တမံကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ မကွေးတိုင်း အရှေ့ဘက်ခြမ်းတွင် ဆဒ္ဒန်ရေလှောင်တမံမှ ဧက ၁၀၅၀၀ အပါအဝင် စုစုပေါင်းစိုက်ပျိုးမြေဧက ၉၀၀၀၀ ခန့် စိုက်ပျိုးရေရရှိနေပြီ ဖြစ်သည်။ ဆဒ္ဒန်ရေလှောင်တမံ တည်ဆောက်ထားသည့် ဆဒ္ဒန်ချောင်း အပါအဝင် အခြားရေလှောင်တမံများ တည်ဆောက်ထားကြသည့် ချောင်းများသည် နောက်ဆုံးတွင် "ယင်းချောင်း"ထဲသို့ စီးဝင်ကြသည်။ ယင်းမြစ်ဝှမ်းလွင်ပြင်ကို မြစိမ်းရောင် လွှမ်းခြုံသည့် "ယင်းမဟာ ရေလှောင်တမံအစုအဖွဲ့"များ ဖြစ်ကြောင်း တင်ပြရေးသားလိုပါသည်။

၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်၌ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ဆည်တမံပေါင်း ၁၉၉ခု ရှိခဲ့ပြီဖြစ်သည်။ ယင်းဆည်တမံများ၌ ထုထည်ကြီးမားသော သဖန်းဆိပ်ရေလှောင်တမံ အပါအဝင် ပေါင်းလောင်း၊ ဇော်ဂျီ၊ တောင်နဝင်း၊ ငမိုးရိပ်၊ မုန်းချောင်း စသည့် အကြီးစားဆည်ကြီးများပါသကဲ့သို့ အလတ်စား၊ အငယ်စား ဆည်များလည်း ပါရှိသည်။

မကွေးမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက် မြို့နယ်နှင့် အောင်လံမြို့နယ်တို့၏ ဆည်အစုအဖွဲ့များ တည်ရှိမှုကို အောက်ပါအတိုင်း မှတ်တမ်းပြုစုထားခဲ့သည်။

(၁) နတ်မောက်ရေလှောင်တမံ၊ (၂) ဘန်းကုန်းရေလှောင်တမံ (တောင်တွင်းကြီးမြို့နယ်)၊ (၃) ကင်ပွန်းတောင် ရေလှောင်တမံ (တောင်တွင်းကြီးမြို့နယ်)၊ (၄) ငမင်ရေလှောင်တမံ(တောင်တွင်းကြီးမြို့နယ်)၊ (၅) ရန်ပယ် ရေလှောင်တမံ(တောင်တွင်းကြီးမြို့နယ်)၊ (၆) ယင်းမလည် ရေလှောင်တမံ(တောင်တွင်းကြီးမြို့နယ်)၊ (၇) ဆဒ္ဒန်ရေလှောင်တမံ(မြို့သစ်မြို့နယ်)၊ (၈) စွန်ချောင်းရေလှောင်တမံ (မြို့သစ်မြို့နယ်)၊ (၉) ပုလင်း ရေလှောင်တမံ (မြို့သစ်မြို့နယ်)၊ (၁၀) ဘွက်ကြီးရေလှောင်တမံ (အောင်လံမြို့နယ်)၊ (၁၁) ပဒဲချောင်း ရေလှောင်တမံ (အောင်လံမြို့နယ်)တို့ ဖြစ်သည်။

အထက်ဖော်ပြပါ ဆည်မြောင်းတမံ တည်ဆောက်ပြီးစီးမှု အခြေအနေ မြင်ကွင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ ကြည့်ရှုခဲ့ရပါ၏။ နိုင်ငံတော်မှ ထုတ်ဝေသည့် သတင်းစာများမှလည်း အကျယ်တဝင့် ဖတ်ရှုခဲ့ရပါ၏။

၁၉၉၅–၁၉၉၆ခုနှစ်မှအစပြုကာ နိုင်ငံတော်အစိုးရ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် အဓိက အခရာကျသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ရေး၊ ပျိုးရေးအထောက်အကူပြုသည့် အထက်ဖော်ပြပါ ဆည်မြောင်းတာတမံများကို ဆောက်လုပ်ပေးမှုကြောင့် **"ရွှေမလို၊ ငွေမလို"** ရေကိုသာ လိုအပ်သည့် အညာဒေသများနေ ပြည်သူများအဖို့ စိုက်နိုင်၊ ပျိုးနိုင် လာကြသည့်အတွက် ကျေးလက်နေပြည်သူများ စီးပွားဝင်ငွေတိုးကာ ပျော်ရွှင်နေကြကြောင်း ကြားသိနေရပါ၏။

ထို့ကြောင့် ယခုတစ်ပတ် အညာဒေသခရီးတွင် တောင်တွင်းကြီး မြို့နယ်၊ မြို့သစ်မြို့နယ်၊ အောင်လံမြို့နယ်၊ နတ်မောက်မြို့နယ်တို့တွင် တည်ဆောက်ပြီးစီးသည့် ဆည်မြောင်းတာတမံများနှင့် ဆည်ရေဖွေးဖွေး အောက်ရှိ တောင်သူလယ်သမားတို့ စိုက်ပျိုးထားသည့် စိုက်ပျိုးခင်းများ ဆီသို့လည်း သွားရောက်ကာ သုတ၊ ရသ အဖြာဖြာကို ရေးသားရမည် ဖြစ်သည့်အတွက် ကြိုတင်၍ ကြည်နူးမိပါ၏။

နိုင်ငံတော်အစိုးရသည် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ မကွေးတိုင်းရှိ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ အောင်လံ စသည့် ဒေသများ၏ ဆည်တမံများကို အညာဒေသ၏ ရေပင်လယ်များ ဖြစ်အောင် တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာ၊ ကျေးဇူးတင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပဒဲရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၃)မှ တာဝန်ယူ၍ မကွေးတိုင်း သရက် ခရိုင် အောင်လံမြို့နယ်၏ အရှေ့တောင်ဘက် ၃၆ မိုင်ခန့်အကွာ ရွှေပန်းတောကျေးရွာအနီး ပဒဲချောင်းကိုပိတ်၍ တည်ဆောက်ထားသည့် ပဒဲရေလှောင်တမံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

25-5 (15) 1 5/24/07, 12:53 PM

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ဝေဘာဂီလမ်းအမှတ် (၃၇)က/၄ ခ/၄နေ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးမောင်ငွေ၊ သား ဗိုလ်ကြီးငွေလွင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်မြင့်နှင့်သား ဦးထွန်းလွင်၊ ဦးသက်လွင်မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းနှင့် ပညာရေးအလှူငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် နှစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်ကလက်ခံယူ၍ ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

လောဘူတာ ဝန်းကျင် စုပေါင်းသန့်ရှင်း

လယ်ဝေး မေ ၁၅

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၅ ရက် နံနက်ပိုင်းက ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ်လောဘူတာ ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသင်း အလုပ်အမှုဆောင်ဦးမောင်ကြည်နှင့်အသင်းဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနဝန်ထမ်းများ ဘူတာဝန်းကျင်တစ်ဝိုက် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာ မဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဇေယျာခေမာလမ်းနေ ဦးအောင်မြင့်-ဆရာမကြီး ဒေါ်ကျင်ညိမ်း ကထိက (ငြိမ်း) ရူပဗေဒဌာန(ဆေး-၁) မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအမကြီး ဒေါ်လှခင်စောက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၁ ရက်
၂၆-၅-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော် ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော် ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) မောင်ကြီးခေါ်ရာ (အကော်ဒီယံ အုန်းကျော်၊ သန်းသန်းဆင့်)
(၂) တူတူညီညီရီရီပြုံးပြုံး (ကိုခင်လတ်၊ ကြည်ကြည်ဝင်း)
(၃) ချစ်ခွင့်မပိုင်(လွှမ်းမိုး၊ နီနီဝင်းရွှေ)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပုဂံမှ ငွေသော်တာ Silver Moon ဟိုတယ်)
၁၁း၃၅ အဘိုးအဘွား အလေးထား (ရေတာရှည်မြို့နယ် မြို့လှမြို့မှ ဘိုးသက်ရှည် ဦးမဲနှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများအတွက် တေးသီချင်းများ
၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက် (သတ္တမပိုင်း)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကားမြန်မာစာ (ပင်းယခေတ်မြန်မာစကားပြေအရေးအဖွဲ့) (မောင်ခင်မင်-ဓနုဖြူ)
၁၆း၂၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁)အမေနဲ့ရွာကိုလွမ်းတယ်(ဟသ်ာတထွန်းရင်)
(၂)မိန်းကလေးလက်ရေး(မစိန်မြင့်လတ်)
(၃)လမင်းရက်ဆက်သာစေချင် (ဟသ်ာတအောင်တင်ဝင်း)
၁၇း၀၀ မေးကြည့်ဖြေကြည့်အေအိုင်ဒီအက်စ်ပဟေဠိ
၁၇း၁၅ ခေတ်ဟောင်းတေး
(၁)ဖွတ်ချစ်မယ် (မောင်တင်မောင်)
(၂)ဝေ့လယ်လယ်(ဂီတာသောင်း၊ ခင်ခင်တင့်)
(၃)သုံးရွေလည် (ဒေါ်ကြည်အောင်)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာပျော်ရွှင် အသက်ရှည်ချင် သလား၊ လေ့ကျင့်ခန်းလုပ်ပါ-ရဲကောင်းထက်)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ(ဒေါ်နှင်းရည်)
၁၈း၄၀ သိမှတ်စရာ ကွန်ပျူတာ
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေး ထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့်စည်သူလွင်၏ Unplugged တေးစီးရီး-၂)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁)ကြာကြာခွဲလို့မနေနဲ့ကွယ်(ကိုရဲဝင်း)
(၂)ချစ်သူ့နယ်မြေ (မြို့တော်ဝင်းဝင်းမြတ်)
(၃)ချစ်သူရှေ့မှောက်ရောက်လေသောအခါ (ခင်မောင်ကြည်)

ဣန္ဒာသယမင်းကွန်း သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီလှူဒါန်း လူထုပူးပေါင်းပါဝင်သော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း သင်တန်းပို့ချ

မန္တလေး မေ ၂၂

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းဦးဆောင်၍ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၏ဇနီးများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့်အသင်းဝင်များသည် မေ ၁၇ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ် ဣန္ဒာသယ မင်းကွန်းသီလရှင်စာသင်တိုက်သို့ ရောက်ရှိကြပြီး ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက သီလရှင်ဆရာကြီး၊ ဆရာလေးများအား ကန်တော့ကြပြီး သီလရှင် ဆရာကြီး ဒေါ်ဇေကသီဂီအား ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် ဝါဆိုဝတ်စုံအတွက် အလှူငွေကျပ် တစ်သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ထို့နောက် သီလရှင်ဆရာကြီး၊ ဆရာလေးများက ဆုတောင်း မေတ္တာပို့သကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး တိုင်းမိခင် နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ ဝင်များသည် ချမ်းမြသာစည်မြို့နယ် ကျန်းမာရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည့် လူထုပူးပေါင်း ပါဝင်သော အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ သင်တန်းသို့ သွားရောက်၍ စာတွေ့ လက်တွေ့သင်တန်း ပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

နှုတ်ဆက်

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှု ဝမ်းတွင်း၌ကျင်းပ

ဝမ်းတွင်း မေ ၁၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက်၈နာရီက စည်ပင်သာယာရေးအဖွဲ့ပိုင် ဝမ်းတွင်းဈေးအတွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်နှင့် ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇင်ထွန်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ငွေနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြီး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၈-၅-၂၀၀၇ (တနင်္လာနေ့)
- ❑ Water, Water Pollution and Its Treatment
  - အများပြည်သူများ
- ❑ Contemporary Science and Role of Genetics
  - ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ ရက္ခဗေဒအထူးပြု အဝေးသင်/နေ့ ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၊အများပြည်သူများ

၂၉-၅-၂၀၀၇ (အင်္ဂါနေ့)
- ❑ ပရိတ်တော်အကြောင်းသိကောင်းစရာ
  - ပညာပေး
- ❑ Hilbert Spaces and Banach Spaces
  - မဟာသိပ္ပံ ပထမနှစ်သင်္ချာ ကျောင်းသား ကျောင်းသူများ

၃၀-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Mental Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများ
- ❑ Legal Framework on ASEAN
  - BA(SEAP Studies) (3rd year)

၃၁-၅-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Constitution of ASEAN Countries
  - BA(SEAP Studies)(3rd year)
- ❑ မြန်မာစာ မြန်မာစကား
  - မြန်မာစာ မဟာဝိဇ္ဇာ၊ ဘာသာစကားအထူးပြု ကျောင်းသား ကျောင်းသူများ

၁-၆-၂၀၀၇ (သောကြာနေ့)
- ❑ Language and Education(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Language and Education (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂-၆-၂၀၀၇ (စနေနေ့)
- ❑ Simple Random Sampling
  - တတိယနှစ်စီးပွားရေး အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Nature and Scope of Internation Economics
  - တတိယနှစ်စီးပွားရေး အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Aggregafe Supply & Aggregate
  - တတိယနှစ် စီးပွားရေး အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Marketing Environment
  - တတိယနှစ်စီးပွားရေး အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Model questions and answers
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Aesthetics
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Plato's and Aristotle's theory of Aesthetics
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Romanticism
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Veron's Emotionalisn (or) Veron's View on Art
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Aesthetics, The Nature of Aesthetics
  - တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

၃-၆-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ သဒ္ဒဗေဒ
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ အိန္ဒိယစာပေသမိုင်း
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ နေရီရီဝတ္ထု
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ စာဆိုနဝဒေးကြီး၏ မြစ်ရတုလျှင်
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဘာသာဗေဒရှုထောင့်မှ စကားလုံးလေ့လာချက်
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ လူ့ဘာသာစကားတိုးတက်ဖြစ်ပေါ်မှုအစဉ်
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပါဠိဘာသာရပ်
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပါဠိဘာသာနှင့်မြန်မာဘာသာ
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဥဒါနကျမ်းကောက်နုတ်ချက်
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဓမ္မပဒအဋ္ဌကထာကျမ်းလာ ကောက်နုတ်ချက်များ
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ အားကြိုးမာန်တက်ဆောင်ရွက် ပြည်ပဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာကို စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး

စီးပွားရေးအလားအလာကောင်းများ ရရှိနေစေရန် အစဉ်အမြဲကြိုးစားလုပ်ကိုင်

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၁ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့အထွက် မူဆယ်-နမ့်ခမ်းကားလမ်းနံဘေးရှိ စိုစိုပြေပြေကုမ္ပဏီ၏ ပန်စန်ရော်ဘာစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအိုက်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စိုက်ပျိုးရေးခြံညွှန်ခန်းမ၌ စိုစိုပြေပြေကုမ္ပဏီ၏ ရော်ဘာစိုက်ခင်းတာဝန်ခံ ဦးအောင်ကျော်မိုးက မူဆယ်မြို့နယ် တိန်းလုံကျေးရွာနှင့် နမ့်ပန်ကျေးရွာတို့တွင် ရော်ဘာ စိုက်ပျိုးရန် မြေဧက ၈၆၀ မြေပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာ့စက်မှုသီးနှံများဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)မှ ခရိုင်မန်နေဂျာ ဦးလှိုင်ကျော်ဦးက ရော်ဘာပင်အဖူးကူးနည်းစနစ်များကို လက်တွေ့ပြသ၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နှစ်ဆတိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များအား ရော်ဘာထွက်ရှိမှု နှစ်ဆတိုးတက်စေရန် ပညာရှင်များ၏ အကူအညီဖြင့် နည်းပညာများ ဖြန့်ဝေပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ် ပန်းညကျေးရွာ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်စဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၄-၅-၂၀၀၇

စစ်တွေ	၂	ဒသမ	၇၅	လက်မ
ရွှေကျင်	၂	ဒသမ	၄၄	လက်မ
မြစ်ကြီးနား	၁	ဒသမ	၄၉	လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁	ဒသမ	၂၆	လက်မ

NLD ပါတီခေါင်းဆောင်များ၏ကိုယ်ကျိုးရှာလုပ်ရပ်များကိုစိတ်ပျက် အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းမှု ညွှန်ကြားချက်များအတိုင်း နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်း အကောင်အထည်ဖော် လုပ်ဆောင်နေမှုတို့ကြောင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် မေ ၂၄

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မြင်းဆည်ကျေးရွာနေ ဦးကြည်မောင်နှင့် ဦးမင်းဟန်တို့ နှစ်ဦးသည် မေ ၁၅ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ ■

မြန်မာ့အလင်း

ဆောင်းပါးနှင့် အားကစား အညွှန်း

နိုင်ငံတကာမှာ အများနည်းတူ ရင်ဆိုင်ဖြေရှင်းနေရတဲ့ ကုန်ဈေးနှုန်းပြဿနာဟာ တစ်ပွဲတိုး ဆေးမြီးတို ဥံဖွ ဒီမိုကရေစီနည်းနဲ့ ဖြေရှင်းလို့ မရဘူးခင်ဗျာ။ အခုလို နိုင်ငံတော်ရဲ့ စီးပွားရေး ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူတစ်ရပ်လုံး ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုတယ်ဗျာ။

ပေါက်စ၏ ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ ဆောင်းပါး (စာ - ၄၊ ၅)

ချန်ပီယံလိဂ် ချန်ပီယံတို့ အောင်ပွဲ

ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံခဲ့ကြသော အေစီမီလန် အသင်းသားများ။

ကမ္ဘာတစ်လွှားအားကစား(စာ - ၁၃)